# ကြေးမုံ

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


e – paper ဖတ်ရှုရန်


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 July 2026 ၁၂၂၆၆

ကြေးမုံ

# အာဇာနည်များအားလေးစားတန်ဖိုးထား နိုင်ငံတော်ကိုလက်တွဲတည်ဆောက်

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန်ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့ကို မသမာသူအကြမ်းဖက်သမားတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသောနေ့ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၇)နှစ် ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် မမေ့နိုင်သေးဘဲ ထာဝစဉ်အောက်မေ့သတိရ လေးစားတန်ဖိုးထားနေဆဲဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်နှင့်လူမျိုးအပေါ်ထားရှိခဲ့သည့် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှုများကြောင့် ယနေ့ထက်တိုင် မမေ့နိုင်ကြသေးဘဲ ပြည်သူလူထုတစ်ရပ်လုံးက အောက်မေ့သတိရ၊ လွမ်းဆွတ်တသ၊ အသိအမှတ်ပြုနေကြဆဲဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ခုလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထင်ရှားပေါ်လွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် သူမတူအောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အထူးသတိရ အသိအမှတ်ပြု တုံ့ပြန်ကျေးဇူးသိသောအားဖြင့် တိုးတက်သော၊ ညီညွတ်သော၊ ခိုင်မြဲသော၊ ခံ့ညားသောနိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ အမျိုးသားခေါင်းဆောင်များ၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူများက ဆောင်ကြဉ်းပေးခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေသမျှကာလပတ်လုံး လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့သူများအား သတိတရရှိနေကြမည်ဖြစ်သလို အမျိုးသားခေါင်းဆောင်များ ချမှတ်ပေးခဲ့သည့် နိုင်ငံတည်ဆောက်ရေး၊ ကာကွယ်ရေးလုပ်ငန်းစဉ်များအား မမေ့မပျောက်ဘဲ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုက်ယူပေးခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများကို မသွေဖည်ဘဲ နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးလုပ်ငန်းများကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲဖော်ဆောင်ကြရမည်ဖြစ်သည်။

ပန်းတိုင်မရောက်မီ ရေတိမ်နစ်၍ ကျဆုံးခဲ့သော မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား နှမြောတသ၍မဆုံး၊ ယူကျုံးမရ၊ လွမ်းဆွတ်တသလျက်ရှိသလို မသမာသူလူတစ်စု၏ ကိုယ်ကျိုးအတ္တကြီးမှု၊ အကြံပက်စက်မိုက်တွင်းနက်မှု၊ တိုင်းပြည်အကျိုးစီးပွားပျက်စီးစေမှု နိုင်ငံတော်လုပ်ကြံမှုကို သင်ခန်းစာယူပြီး အကြမ်းဖက်အဖျက်သမားအန္တရာယ်များကို အစဉ်သတိထားကာကွယ်ကြရမည်ဖြစ်သည်။ လောကတွင် ပြုသူနှင့်ဖျက်သူသည် အစဉ်ဒွန်တွဲနေလျက်ရှိနေသဖြင့် တိုင်းပြည်ကောင်းကျိုးကို တစ်ဖက်တွင်ဆောင်ရွက်နေသလို တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူများကို လုံခြုံရေးသတိဖြင့် အစဉ်သတိပြုပြီး ကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်တွင် စီးပွားရေးအရ မသမာမှု၊ နိုင်ငံရေးအရမသမာမှု၊ မရိုးဖြောင့်မှုများသည် တိုင်းပြည်ကိုဖျက်ဆီးခြင်းသာဖြစ်သည်။

တစ်နိုင်ငံလုံးရှိပြည်သူများက မည်မျှချစ်ခင်၊ ရိုသေလေးစား၊ မြတ်နိုးတန်ဖိုးထားသော်ငြားလည်း နိုင်ငံရေးအမြင်မတူသူ၊ နိုင်ငံရေးသဘောထားကွဲပြားသူ၊ ပြိုင်ဘက်ရန်သူကိုသတိမမူသဖြင့် မကြွေလွင့်သင့်ဘဲ ကြွေလွင့်ခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏အဖြစ်ဆိုးမျိုးကို သင်ခန်းစာယူသတိမူကြရမည်။ တိုင်းပြည်ကို အမှန်တကယ်ကောင်းစေလိုလျှင် နိုင်ငံရေးတရားသေဝါဒကို ရှောင်ရှားပြီး အားလုံးအတူတကွ လက်တွဲဆောင်ရွက်စေလိုသည့် ဗိုလ်ချုပ်အောင်ဆန်း၏လမ်းစဉ်ကို လေးစားလိုက်နာကြဖို့လိုမည်ဖြစ်သည်။

တရားသေနိုင်ငံရေးဝါဒ၊ တရားသေအစွန်းရောက်ဝါဒီများကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ ပန်းတိုင်ရောက်လုလုတွင် တက်ကျိုးခဲ့ရပြီး လွတ်လပ်ရေးရပြီးနောက်တွင်လည်း တရားသေနိုင်ငံရေးဝါဒ၊ တရားသေအစွန်းရောက်ဝါဒီများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ယနေ့ကာလတွင်လည်း တရားသေနိုင်ငံရေးဝါဒ၊ တရားသေအစွန်းရောက်ဝါဒီများက တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ လက်ရှိကာလတွင် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း ခံယူထားသည့်အတိုင်း မတူတာကိုခွဲလုပ်၊ တူတာကိုတွဲလုပ်ကြရမည့် ဒီမိုကရေစီလမ်းစဉ်ကို လျှောက်လှမ်းကြရမည်ဖြစ်ရာ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အသိအမှတ်ပြုသောအားဖြင့် နိုင်ငံတော်ကို ဝိုင်းဝန်းလက်တွဲ တည်ဆောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လပ္ပတ္တာမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

**လပ္ပတ္တာ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ လပ္ပတ္တာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစံရင်မော်က အမှာစကားပြောကြားပြီး လပ္ပတ္တာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးစောဆဲနေက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လပ္ပတ္တာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစံရင်မော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးဆန်းမင်းတို့က တောင်သူ ၃၈ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ အရန်မီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်တိုင်းမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟက သင်တန်းဆင်းအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်တို့က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ရန်ကုန်တွင် ဖွင့်လှစ်ခဲ့သော မြို့နယ်မီးသတ်ဦးစီးမှူး သင်တန်းအမှတ်စဉ် (၁၉/၂၀၂၄)တွင် ပထမဆုရရှိခဲ့သည့် ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်၍လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းတွင် ပထမဆုရရှိသော သင်တန်းသားနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ရေးမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေး

**ရေး ဇူလိုင် ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ဇူလိုင် ၁၇ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဖြူဝင်းက အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစီးအရာရှိဦးရွှေနိုင်က သစ်တော၊ သစ်ပင်များ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ရှိသတ္တဝါအားလုံး အသက်ရှင်နေထိုင်ရေးအတွက် သစ်ပင်များ၏ အရေးပါပုံ၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုရေိယာ၊ သစ်တော၊ သစ်ပင်များမရှိသည့် အကျိုးကျေးဇူးများ၊ ပျက်စီးပြုန်းတီးမှု မဖြစ်ပေါ်စေရန် ကာကွယ်ရမည့်အချက်များ၊ ရေးမြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင် ၃၀၀၀၀ ဖြန့်ဝေမှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုပိုမိုမြင့်တက်လာမည်ဖြစ်ပြီး ရာသီဥတုသမမျှတလာမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးသည်။ **ရှင်းသန့်ဖြူ**




ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် Myanmar CP Livestock Co., Ltd. အလုပ်ဌာနမှ အာမခံအလုပ်သမား ဦးအောင်မြတ်သူ၏ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခုနစ်နှစ်စာ ငွေကျပ် ၁၀၅၈၄၀၀၀ ကို ဇူလိုင် ၁၆ ရက်တွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား ဦးအောင်မြတ်သူထံသို့ ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ၁၈ - ၇ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥနှင့် နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် (မှော်ဘီ)၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဇုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှု၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်နှင့် စက်ကိရိယာများ သုတေသနပြုအသုံးချ မွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေး အစာအရည်အသွေး ပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ထွက်ရှိလာသည့်စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိမှု၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် Bio-Gas ထုတ်လုပ်နိုင်ရေးနှင့် သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုး(Hybrid) စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် ဇုန်များအလိုက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ငါးမွေးမြူရေးလုပ်ငန်း (မအူပင်)၊ ငါးမွေးမြူရေးလုပ်ငန်း (ရွှေမုယင်း) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တန်(၅၀၀) အအေးခန်းစက်ရုံ (လှိုင်သာယာ)၏ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

☆ **ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လို**

☆ **ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ရာသီသီးနှံများ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေခုနစ်သန်းကျော်ရှစ်သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ် ကတည်းကပင် စဉ်းစား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်များခွဲဝေကာ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

**ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး**

သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် အသားငါးများသည် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် သီလဝါစက်မှုဇုန်တို့၏စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု စေလျက်ရှိကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်း(ရွှေမုယင်း)မှ ထွက်ရှိသည့်ငါးများ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်(မှော်ဘီ)မှ ထွက်ရှိသည့် ဝက်သား၊ ကြက်ဥနှင့် ကြက်သားများ၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမှ ထွက်ရှိသည့် အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများသည်လည်း ရန်ကုန်တိုင်းဒေသကြီး၏စားရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေကြကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှု ပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာဆောင်ရွက်သွားကြရန် လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ဆိုင်ရာ အချက်အလက်များ၊ စက်ရုံလည်ပတ်နိုင်ရေးနှင့်ပတ်သက်၍ ရရှိနိုင်မည့် ကုန်ကြမ်းအမျိုးအစားနှင့် ပမာဏအပေါ်မူတည်ပြီး တစ်နှစ်လျှင် တန်ချိန်ငါးသိန်း ချက်လုပ်နိုင်သော Modular Type Refinery အား Phase I အဖြစ်စတင်ဆောင်ရွက်လျက်ရှိမှု၊ Phase II အဖြစ်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ Phase I နှင့် Phase II တည်ဆောက်ခြင်းအား ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများပို့ဆောင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း၊ သဘာဝဓာတ်ငွေ့များ ပို့ဆောင်ပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်း၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ တစ်နှစ်လျှင် တန်ချိန်ငါးသိန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံ Phase I အား ယခုနှစ် စက်တင်ဘာလတွင် လည်ပတ်ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး Phase II ကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကာ Phase II ပြီးစီးချိန်တွင် နိုင်ငံတော် လိုအပ်ချက်၏ ဓာတ်ဆီ ၆၀ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်း **စာမျက်နှာ ၅ သို့ »»**

☆ **စာမျက်နှာ ၃ မှ**

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာ သမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန်လိုကြောင်း။

**စနစ်တကျဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေ များပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြင့်လာစေရေး အတွက်လည်း စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟု ဆိုရာတွင် ပြည်သူလူထု၏စားရေးအဆင်ပြေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိကလိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေး အတွက် စိုက်ပျိုး မွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသော ဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့်မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာအတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့စသည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့်မြို့ဖြစ်သဖြင့် အခြားသောမြို့များထက် ဦးဆောင်စံပြဖြစ်ရမည်ဖြစ်ပြီး ဒေသတွင်း စားရေးအဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အသား၊ ငါးနှင့် ဥများ ဖူလုံမှုရှိစေရေး ဒေသအလိုက် နေထိုင်သည့် လူဦးရေနှင့် စားသုံးမှုအပေါ် မူတည်တွက်ချက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျဖြစ် ဆောင်ရွက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ပိုမိုတိုးတက်လာစေနိုင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများသည်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် တန်ဖိုးမြင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာများ အပါအဝင် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ MSME ကို အခြေခံသည့် စီးပွားရေးနှင့် စုပေါင်းလုပ်ဆောင်သည့် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည် ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မွေးမြူရေးဇုန်အတွင်း ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်တို့အား ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးသားပေါက် မွေးမြူထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ရှင်းလင်းဆောင်ခန်းမအတွင်း၌ သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News

## စည်းကမ်းရှိဖို့လို

**လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိ ဖို့လိုတယ်။ ငါတို့ တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။**

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုဆိုင်ရာ သမိုင်းမှတ်တမ်းများကို လှည့်လည်ကြည့်ရှုစဉ်။

»»» **စာမျက်နှာ ၄ မှ**

ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးပြီး အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မိမိတို့ နိုင်ငံတော်တာဝန်ယူခဲ့ရစဉ်ကာလအတွင်း ယခုစက်ရုံအား အသစ်ပြန်လည်တည်ဆောက် လည်ပတ်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်း ရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများလည်း လျော့နည်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Phase I တည်ဆောက်နိုင်ခဲ့ခြင်းသည် မိမိတို့ အစိုးရ၏ မော်ကွန်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်းနှင့် စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စီမံဆောင်ရွက်သွားကြရန် လိုကြောင်း။

ပြည်တွင်းထုတ် စက်သုံးဆီများကို ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး၊ ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သန်လျင်ဒေသသည် ပူပြင်းသည့်ဒေသတွင် ပါဝင်သဖြင့် စက်ရုံမီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ အမြဲစိမ်းသစ်ပင်များ၊ အရိပ်ရလေကာပင်များနှင့် အုန်းပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ပြတိုက် ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုဆိုင်ရာ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေနံထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရေနံချက်စက်ရုံ Phase I တည်ဆောက်နေမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

★ **ကျောဖုံးမှ**

ရှီးဇန့် အရှေ့တောင်ဒေသယဉ်ကျေးမှုပြတိုက်သည် တိဘက်ဒေသအရှေ့တောင်ပိုင်း၏ သမိုင်း၊ ယဉ်ကျေးမှု၊ လူမျိုးစုဓလေ့ထုံးတမ်းများ၊ ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝဂေဟစနစ်ဆိုင်ရာ အချက်အလက်များကို စုစည်းပြသထားသည့် အထင်ကရပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ညင်ချီ(ခ)လင်ကျစ်မြို့ ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ ရောက်ရှိကြရာ ရန်နီစိမ့်တောမှ တာဝန်ရှိသူတစ်ဦးက စိမ့်တောအတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောနှင့် ရေဝေရေလဲဒေသများ စီမံခန့်ခွဲရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တည်ဆောက်ထားသော သဘာဝလေ့လာရေးလမ်းကြောင်းများ၊ ရှုခင်းကြည့်စင်များ၊ ယာလွန်ဇန်ဘို (Yarlung Tsangpo)မြစ်နှင့် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ ရန်နီအမျိုးသားစိမ့်တောဥယျာဉ်တွင် ကြည့်ရှုလေ့လာစဉ်။

အမျိုးသားစိမ့်တောဥယျာဉ်သည် ယာလွန်ဇန်ဘို မြစ်ကမ်းတစ်လျှောက်တွင် တည်ရှိပြီး မြင့်မားသော တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ ရေစိုမြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို သဘာဝအတိုင်း ထိန်းသိမ်းထားရှိသည့် ထင်ရှားသော ဂေဟစနစ်နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ဇူလိုင် ၁၅ ရက်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ တိုနန်းပန်းဈေးကွက်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ဈေးကွက်၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ ပန်းမန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချနေမှု လုပ်ငန်းစဉ်များ၊ ပန်းလေလံတင် ရောင်းချသည့်စနစ်၊ အီလက်ထရောနစ်ကုန်သွယ်မှုစနစ်နှင့် နိုင်ငံတကာသို့ ပန်းမန်တင်ပို့ ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပန်းအရောင်းပြခန်းများ၊ ပန်းလေလံတင်ခန်းမ၊ ပန်းအရည်အသွေး စစ်ဆေးရေးဌာန၊ ထုပ်ပိုးရေးလုပ်ငန်းများနှင့် ပန်းမန်လုပ်ငန်းတွင် အသုံးပြုနေသည့် ခေတ်မီနည်းပညာများ၊ ဒီဂျစ်တယ်စီမံခန့်ခွဲမှုစနစ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

တိုနန်းပန်းဈေးကွက်ကို ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုတွင် ပန်းခင်းဧရိယာ ဧက ၆၀၀၀ ကျော်ရှိကြောင်း၊ တိုနန်းပန်းဈေးကွက်သည် အာရှတွင် အကြီးဆုံးနှင့် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ပန်းလက်လီ/လက်ကား ရောင်းဝယ်ရေးဈေးကွက်ဖြစ်ပြီး နှင်းဆီ၊ လီလီ၊ ကာနေးရှင်း၊ သစ်ခွနှင့် အခြားပန်းမျိုးစုံတို့ကို နေ့စဉ်ရောင်းဝယ်လျက်ရှိရာ တရုတ်နိုင်ငံအပြင် အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပနှင့် အခြားနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကျင်းပ



ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတက လည်းကောင်း ပြန်ကြား လျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကက အတည်ပြုချက်ရယူပြီး နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သောတပည့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရန်ကုန်မြို့ရှိ ကျောင်းပြင်ပမူလတန်းပညာရေး (ပထမနှစ်ဝက်) ဇုန်အဆင့်နည်းပြသင်တန်း၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ ရောက်ရှိပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (ပထမနှစ်ဝက်) ဇုန်အဆင့်နည်းပြသင်တန်း တက်ရောက်နေကြသည့် ဆရာ ဆရာမ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အင်းယားလမ်းရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း (boat club) သို့ရောက်ရှိကာ လှေလှော်အားကစားလေ့ကျင့်နေကြသည့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ်ရှိ Centre for Research and Innovation (CRI) ၌ Area Studies Centre အခန်းများ ပြင်ဆင်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အပန်းဖြေရိပ်သာ(Recreation Centre) တည်ဆောက်နေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့၌ ရေဘေးသဏ္ဍာန်တူရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

ဘားအံ ဇူလိုင် ၁၈

ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ရေဘေးသဏ္ဍာန်တူ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ကန်သာယာရေပြင်၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဘားအံမြို့ ကန်သာယာရေပြင်၌ ရှာဖွေကယ်ဆယ်ရေးယာဉ်များဖြင့် စွမ်းရည်ပြသခြင်း၊ မြစ်ရေမြင့်တက်လာမှုကြောင့် ယာယီရွှေ့ပြောင်းပေးရမည့် ပြည်သူလူထုအား ကူညီကယ်ဆယ်ရေးယာဉ်များဖြင့် ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်း၊ မြစ်အတွင်း စက်လှေမီးလောင်မှုကြောင့် မီးငြိမ်းသတ်ခြင်း၊ ရေငုပ်ဝတ်စုံ (Diving Suit)ဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ Water Rescue Rovot (Life buoy) ဖြင့် ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြသလေ့ကျင့်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်နေရာချထားမှုကို သွားရောက်ကြည့်ရှုကာ အားပေးစကားပြောကြားသည်။ ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်မှုတွင် ပါဝင်သော ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်များပေးအပ်ကာ ယာယီကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်ထားမှုနှင့် ကွပ်ကဲရေးရုံးဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ထားသည့် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား ဘားအံမြို့ သီရိကွင်း၌ တွေ့ဆုံ အမှာစကားပြောကြားပြီး ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)





# ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်

ကွမ်းခြံကုန်း ဇူလိုင် ၁၈

တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ခြင်းနှင့် သက်တန့်ရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်လင်းက အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းယုမွန်က တောင်သူများအား သွင်းအားစုနှင့် မိုးစပါးစီမံကိန်းရန်ပုံငွေ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်း ၁၀ သင်း၊ အသင်းသား ၂၃၀ နှင့် သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် သမဝါယမအသင်းနှစ်သင်း၊ အသင်းသား ၃၅ ဦးတို့အား သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဆွေနွယ်(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဇူလိုင် ၁၈

မဲပေးစက်များသည် အရေးကြီးသည့် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများနှင့် လာမည့်အထွေထွေရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယနေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ် မှာကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မွန်ပြည်နယ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဲပေးစက်များကို လာမည့်ကြားဖြတ်ရွေးကောက်ပွဲနှင့် အထွေထွေရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍



ရှင်းလင်းပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ဦးကြည်သိန်းတို့လည်း တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် မော်လမြိုင်မြို့ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမတွင်ဖွင့်လှစ်သည့်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ကရင်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများနှင့်လည်း သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## တွံတေးမြို့နယ်၌ မျိုးစေ့၊ ဓာတ်မြေသြဇာ ပေးအပ်ပွဲကျင်းပ

တွံတေး ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မိုးစပါးရာသီ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးပြသခြင်းနှင့် ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၅ ရက်က ကုလားတန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးစိုးနိုင်(ခ) ဦးအောင်မြင့်စိန်၏ လယ်မြေ ကိုးဧကတွင် ဆောင်ရွက်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးညွန့်နွယ်က မိုးစပါးစိုက်ပျိုးနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာဝင်းသန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က တောင်သူများအား ဓာတ်မြေသြဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ဆင်းသုခမျိုး လက်တွေ့မျိုးစေ့ချသရုပ်ပြခြင်းကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

တောင်ကြီး ဇူလိုင် ၁၈

ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။





### ကြိုးပမ်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က MSME လုပ်ငန်းများကို တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့် One Stop Service Center ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများရုံးဟောင်း၌ မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက MSME လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

ပေါက်ခေါင်း ဇူလိုင် ၁၈

"မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်



ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အိုးဘိုကုန်း) ခန်းမ၌ ပြုလုပ်သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘိုဘိုစိုးက "မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ စစ်ဆေးရှာဖွေရေးနှင့် အသိပညာပေးလုပ်ငန်းများ"၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းဇော်ငွေးက "မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ"၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြူကြူခိုင်က "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း"နှင့် မြို့နယ်ဥပဒေအရာရှိ ဦးနေလင်းထွန်းက "မူးယစ်ဆေးဝါးသုံးစွဲခြင်းပြုလျှင် ကျခံရမည့်ပြစ်မှုပြစ်ဒဏ်များ" စသည့် ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## ရပ် / ကျေးအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

အိမ်မဲ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် ခရိုင်ဥပဒေရုံးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဥပဒေရုံးမှကျင်းပသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆုလှိုင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းနည်းပြအဖြစ် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်ဆုလှိုင်ဝင်းက သင်ကြားပေးမည်ဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၂ ဦးအား ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကြံခင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကြံခင်း ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ဇူလိုင် ၁၆ ရက်က စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျောင်းသားကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်ခြင်းများ၊ ရေကြီးရေလျှံမှု ဖြစ်ပွားပါက ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများအား ဟောပြောပြီး အသက်ကယ်အင်္ကျီဝတ်ဆင်ပုံ၊ ရေသန့်ဘူးခွံများဖြင့် အသက်ကယ်အင်္ကျီ



ပြုလုပ်ဝတ်ဆင်ပုံ၊ BA Set ဝတ်ဆင်ပုံများကို လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး ကျောင်းရှေ့ကွင်းပြင်တွင် မီးသတ်ဆေးဘူးနှင့် အဝတ်ရေစိုဖြင့် အရေးပေါ်မီးငြိမ်းသတ်ပုံများကို သရုပ်ပြကာ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# သူနာပြုနှင့်သားဖွားစွမ်းအားစု - အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရင်းနှီးမြှုပ်နှံမှု

**ဒေါက်တာတင်ထွန်း**
**(ဆေးပညာသင်ကြားရေး)**

**လူသားအရင်းအမြစ်သည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပါသည်။**

ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ နိုင်ငံသားများဖြင့်သာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကဏ္ဍများသည် ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်သော ကျန်းမာရေးစနစ်ကို တည်ဆောက်ခြင်းသည် နိုင်ငံတော်၏ မဟာဗျူဟာမြောက် တာဝန်တစ်ရပ်ဖြစ်ပြီး ယင်းစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ကျန်းမာရေးလူ့စွမ်းအားများ၏ အရည်အသွေးနှင့်စွမ်းရည်များသည် အရေးအကြီးဆုံးအချက်တစ်ခုဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက နိုင်ငံတော်အတွက် လိုအပ်နေသော အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (High Qualified Human Resource Development) ကို မျှော်မှန်းပြီး မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းနှင့်အညီ အလေးထားအကောင်အထည်ဖော်လျက်ရှိပါသည်။

**ကျန်းမာရေးစနစ်၏ အောင်မြင်မှုကို တိုင်းတာရာတွင် ခေတ်မီဆေးဘက်ဆိုင်ရာ နည်းပညာများ၊ အဆင့်မြင့်ဆေးရုံအဆောက်အအုံများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြည့်စုံမှုတို့က အရေးပါသကဲ့သို့ ပြည်သူလူထုအား စေတနာ၊ ကျွမ်းကျင်မှုနှင့် တာဝန်ယူမှုအပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးနိုင်သော သူနာပြုနှင့် သားဖွားစွမ်းအားစုသည်လည်း ပိုမိုအရေးပါသော အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) ၏ The State of the World’s Nursing (2025) စစ်တမ်းတွင် ကမ္ဘာပေါ်ရှိ ကျန်းမာရေးလူ့စွမ်းအားများ၏ ပျမ်းမျှ ၅၇ ရာခိုင်နှုန်းသည် သူနာပြုများဖြစ်ကြပြီး ၂၀၂၃ ခုနှစ်တွင် လူဦးရေ တစ်သောင်းလျှင် သူနာပြု ၃၇ ဒသမ ၁ ဦးနှုန်း ရှိကြောင်း ဖော်ပြထားပါသည်။**

သူနာပြုနှင့် သားဖွားများသည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တစ်ခုလုံး၏ အစမှ အဆုံးထိ ပြည်သူလူထုနှင့် အနီးကပ်ဆုံးထိတွေ့ဆက်ဆံရသူများ ဖြစ်ကြပါသည်။ ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းများအတွက် လူသားဘဝ အစမှ ဘဝနေဝင်ချိန်ထိတိုင် ပြုစုစောင့်ရှောက်ပေးရပြီး အဆင့်တိုင်းတွင် သူနာပြုနှင့် သားဖွားများ၏ စွမ်းဆောင်မှုများသည် လူနာ၏အသက်အန္တရာယ်ကင်းရှင်းရေး၊ ကုသမှုရလဒ်ကောင်းမွန်ရေးနှင့် ပြည်သူလူထု၏ ယုံကြည်မှုတို့ကို ပိုမိုရရှိလာစေပါသည်။

၂၀၂၆ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို **“အနာဂတ်ကမ္ဘာ ကျန်းမာဖွံ့ဖြိုးဖို့ သူနာပြု စွမ်းရည်မြှင့်တင်လို့ အသက်ပေါင်းများစွာ ကယ်ဆယ်စို့”** ဆောင်ပုဒ်ဖြင့်လည်းကောင်း၊ မေလ ၅ ရက်နေ့တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာသားဖွားများနေ့ကိုလည်း **“မိခင်ကလေးကျန်းမာရေး သားဖွားဆရာမများ ပိုမိုမွေးထုတ်ပေး”** ဟူ၍ ဂုဏ်ပြုသတ်မှတ်ပြီး နိုင်ငံတကာမှ အလေးပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် ကူးစက်ရောဂါအသစ်များနှင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှု၊ သက်ကြီးလူဦးရေတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲမှုများ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် နည်းပညာလျင်မြန်စွာ ပြောင်းလဲလာမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုသို့သောအခြေအနေများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် အရည်အသွေးမြင့်မားသော သူနာပြုနှင့် သားဖွားစွမ်းအားစုကို မဟာဗျူဟာကျကျ တည်ဆောက်ရန် ပိုမိုထင်ရှားလာစေပါသည်။

သူနာပြုစုမှုအတတ်ပညာသည်ပြုစုစောင့်ရှောက်မှုပေးသော အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ်သာမက လူသားများ၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသည့် ပရော်ဖက်ရှင်နယ် (Professional) တစ်ခုလည်း ဖြစ်ပါသည်။ သူနာပြုနှင့် သားဖွားများ၏ ကိုယ်ကျင့်တရား၊ စေတနာထားမှု၊ အနစ်နာခံနိုင်မှု၊ ကျွမ်းကျင်မှု၊ ကိုယ်ချင်းစာနာမှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်မှုနှင့် ခေါင်းဆောင်မှု စသည့်စွမ်းရည်များသည် ကျန်းမာရေးစောင့်ရှောက်မှု၏ အရည်အသွေးကို ဆုံးဖြတ်ပေးသောအရေးပါသည့်အချက်များ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံသည် ပြည်သူဗဟိုပြု လူတိုင်းလက်လှမ်းမီရရှိနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ထမ်းများအား စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါသည်။ ယင်းအနက် မြန်မာနိုင်ငံရှိ သူနာပြုနှင့်သားဖွားများသည် ကျန်းမာရေးစနစ်၏ အကြီးမားဆုံးစွမ်းအားစုဖြစ်သည့်အပြင် ပြည်သူနှင့် ကျန်းမာရေးစနစ်အကြား ယုံကြည်မှုပေါင်းကူးတံတားအဖြစ်လည်း ဆောင်ရွက်ပေးနေကြသူများလည်း ဖြစ်ကြပါသည်။

**“မြန်မာနိုင်ငံ၏ အနာဂတ် ကျန်းမာရေးစနစ်သည် ခေတ်မီနည်းပညာများနှင့် လူသားဆန်သော ပြုစုစောင့်ရှောက်မှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်သည့် သူနာပြုနှင့် သားဖွားများအပေါ်တွင် များစွာမှီခိုနေပါသည်။ ထို့ကြောင့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို ရင်းနှီးမြှုပ်နှံခြင်းသည် ကျန်းမာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ကျန်းမာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်”**

ထို့ကြောင့် **“သူနာပြုနှင့် သားဖွားစွမ်းအားစု အဆောက်အအုံ”** ဟူသည်မှာ သူနာပြုနှင့်သားဖွားအရေအတွက်တိုးမြှင့်ခြင်း တစ်ခုတည်းကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ အရည်အသွေးပြည့်မီသော ပညာရေး၊ လက်တွေ့ကျွမ်းကျင်မှု၊ သုတေသနစွမ်းရည်၊ နည်းပညာအသုံးချနိုင်မှု၊ ခေါင်းဆောင်နိုင်မှု၊ ပရော်ဖက်ရှင်နယ်ကျင့်ဝတ်များနှင့် ပြည့်စုံသည့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။




ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သူနာပြုသိပ္ပံ(နေပြည်တော်)

မြန်မာနိုင်ငံ၏အနာဂတ် ကျန်းမာရေးစနစ်သည် ခေတ်မီနည်းပညာများနှင့် လူသားဆန်သော ပြုစုစောင့်ရှောက်မှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်သည့် သူနာပြုနှင့် သားဖွားများအပေါ်တွင် များစွာမှီခိုနေပါသည်။ ထို့ကြောင့် သူနာပြုနှင့် သားဖွားစွမ်းအားစုကို ရင်းနှီးမြှုပ်နှံခြင်းသည် ကျန်းမာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ကျန်းမာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါသည်။

အဆိုပါ **“သူနာပြုနှင့် သားဖွားစွမ်းအားစု အဆောက်အအုံ”** ကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုခိုင်မာတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်အဖြစ် ရှုမြင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပညာရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် သူနာပြု သားဖွားပညာရှင်များအားလုံး လက်တွဲညီညီဖြင့် တည်ဆောက်သွားရမည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း အလေးအနက် တင်ပြလိုပါသည်။

**မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် သူနာပြုနှင့် သားဖွားများ၏ မဟာဗျူဟာမြောက် အခန်းကဏ္ဍ**

နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ဆေးရုံအဆောက်အအုံများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ခေတ်မီနည်းပညာများဖြင့်သာ ပြည့်စုံလာနိုင်ခြင်းမဟုတ်ဘဲ ၎င်းတို့ကို ပြည်သူလူထုအတွက် အကျိုးရှိစွာအသုံးပြုနိုင်သော ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုနှင့်သားဖွားများအပါအဝင် ဆေးပညာနီးနွယ်ပညာရှင်များ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များအပေါ်တွင် အခြေခံလျက်ရှိပါသည်။

သူနာပြုနှင့် သားဖွားများသည် ပြည်သူလူထုနှင့် အချိန်အကြာဆုံး ထိတွေ့ဆက်ဆံရသူများ ဖြစ်ကြပြီး လူနာများ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များသာမက စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် မိသားစုအခြေအနေများကိုပါ နားလည်သုံးသပ်ကာ လူနာဗဟိုပြု ပြုစုကုသမှုနှင့် ပြည်သူလူထုဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် သူနာပြုနှင့် သားဖွားများ၏ လုပ်ဆောင်ချက်တိုင်းသည် အရည်အသွေးရှိသော ပြုစုစောင့်ရှောက်မှု၊ ပြည်သူလူထု၏ စိတ်ကျေနပ်မှုနှင့် ကျန်းမာရေးရလဒ်များအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိပါသည်။

မြန်မာနိုင်ငံတွင် သူနာပြုနှင့်သားဖွားများသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှု (Primary Health Care) လုပ်ငန်းများကို မြို့ပြနှင့်ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနေသည့် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သူနာပြုနှင့်သားဖွားများသည် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်ခြင်း၊ အာဟာရမြှင့်တင်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ၊ ကျောင်းကျန်းမာရေးနှင့် လူထုအခြေပြု ကျန်းမာရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ ကျန်းမာရေးအတွက် ယုံကြည်စိတ်ချရသော မိတ်ဖက်များအဖြစ် ရပ်တည်လျက်ရှိပါသည်။

လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသော သူနာပြုနှင့်သားဖွားစွမ်းအားစုများအား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ မွေးထုတ်ပေးလျက်ရှိရာတွင် ၁၉၆၂ ခုနှစ်မှ ယနေ့ထိ သူနာပြု-သားဖွားဒီပလိုမာရရှိသူ ၄၅၄၅ ဦး၊ သားဖွား ၄၂၅၂၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သူနာပြုနှင့်သားဖွားများ၏တန်ဖိုးသည် ဆေးရုံနှင့် ဆေးပေးခန်းများ၌သာမက သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါ ဖြစ်ပွားမှုများနှင့် အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် ပိုမိုထင်ရှားပေါ်လွင်လာပါသည်။ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်များဖြစ်သော မုန်တိုင်းများ တိုက်ခတ်စဉ်၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားစဉ်၊ မြေငလျင်ဘေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကဲ့သို့သောကိစ္စများနှင့် အရေးကြုံလာရသည့်အခါ သူနာပြုနှင့် သားဖွားများသည် ရှေ့တန်းတိုက်စစ်မှူးများအဖြစ် မိမိတို့၏ လုံခြုံရေးနှင့် အခက်အခဲများကို ပဓာနမထားဘဲ ပြည်သူလူထု၏ အသက်နှင့်ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးကြသူများ ဖြစ်ကြပါသည်။ အထက်ဖော်ပြချက်များသည် သူနာပြုနှင့်သားဖွားများ၏ ဂုဏ်သိက္ခာနှင့် လူသားချင်းစာနာမှုကို ထင်ဟပ်ပြသသည့် အကောင်းဆုံးဥပမာများ ဖြစ်ကြပါသည်။

ယနေ့ခေတ် ကျန်းမာရေးစောင့်ရှောက်မှုသည် ရောဂါကုသပေးခြင်း တစ်ခုတည်းကိုသာ ဦးတည်နေခြင်း မဟုတ်တော့ဘဲ ကြိုတင်ကာကွယ်ခြင်း၊ ကျန်းမာရေးမြှင့်တင်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံတည့်မတ်ပေးခြင်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းတို့ကိုလည်း အလေးထားလာကြပြီဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များတွင် သူနာပြုနှင့်သားဖွားများသည် ပြည်သူလူထုနှင့် အနီးစပ်ဆုံး ဆက်သွယ်ဆောင်ရွက်နိုင်သူများ ဖြစ်ကြသဖြင့် ကျန်းမာသောလူ့အသိုက်အဝန်း တည်ဆောက်ရာတွင် အဓိကဦးဆောင်နိုင်သော စွမ်းအားစုများထဲမှ တစ်ခုဖြစ်ပါသည်။

ထို့ပြင်ခေတ်သစ်ကျန်းမာရေးစနစ်သည် ပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု (Inter-professional Collaboration) ကို အခြေခံထားသော စနစ်ဖြစ်လာသည်နှင့်အမျှ သူနာပြုနှင့် သားဖွားများ၏ အသင်းအဖွဲ့လိုက်ဆောင်ရွက်မှု (Teamwork) အခန်းကဏ္ဍသည်လည်း ပိုမိုကျယ်ပြန့်လာပြီး ကျန်းမာရေးပညာရှင်များကြား ချိတ်ဆက်ပေါင်းစပ်ပေးနိုင်ရန် လိုအပ်လာပါသည်။ **စာမျက်နှာ ၉ သို့** ❖

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့်အတူ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်များ၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဆိုက်ခေါင်)၌ သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှုများ၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဥစားကြက်မွေးမြူရေးခြံ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ အိပ်ဆောင်များ၊ စာကြည့်တိုက်၊ ရိက္ခာစတိုဆောင်၊ ဥစားကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇူလိုင် ၁၇ ရက်တွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်) တို့ကိုလည်းကောင်း၊ နောင်ယား(က) ရပ်ကွက်ရှိ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စက်မှုဇုန်-လင်ဖုံလေး ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာခင်းခြင်းနှင့် လွယ်တမူ-ဖားတီမော ကျေးရွာချင်းဆက်လမ်း ၆ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လုပ်ငန်းဆောင်ရွက်မှု၊ ပင်းတယမြို့နယ် သစ်အယ်ပင်- ထယ်သွန်းလမ်း ၁၉၈၅ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ရွှေပုထိုးကျေးရွာ (တောင်ပိုင်း-၁)နှင့် (တောင်ပိုင်း-၂) တို့တွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု(ဝဲပုံ)နှင့် အောင်ပန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

မင်းလှ ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၇) စက်မှုလယ်ယာစခန်းက လက်ဆက်ကျေးရွာ တောင်သူဦးလှမင်းသူ၏ လယ်မြေ ငါးကေ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက်တွင် ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဖြိုးနှင့် ဝန်ထမ်းများက မိုးစပါးဗီယက်နမ်ရက် ၁၀၀ မျိုးအား ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးသရုပ်ပြခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ်ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ပေါက်စ(မင်းလှ)**



## ကျောက်ဆည်မြို့နယ် သမဝါယမအသင်းသား စပါးစိုက်တောင်သူများအား သွင်းအားစုများ ပေးအပ်

ကျောက်ဆည် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်ပလူကျေးရွာ တောင်ပလူစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား မိုးစပါး စိုက်တောင်သူများအား ဇူလိုင် ၁၇ ရက်က စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက သွင်းအားစုများ ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မိုးစပါး ၁၇၇ ဧက စိုက်ပျိုးမည့် တောင်သူ ၄၅ ဦးအား တစ်ဧကလျှင် ငွေကျပ် သုည ဒသမ ၂၅ သန်းနှုန်းဖြင့် ငွေကျပ် ၄၄ ဒသမ ၂၅၀ သန်းတန်ဖိုးရှိ ပုလဲမြေဩဇာသွင်းအားစုများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ချေးငွေပေးအပ်



မင်းဘူး ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် စိုက်ပျိုးရေရရှိရေး ဆိုလာနှင့် ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ဒေသခံတောင်သူများအတွက် ပဉ္စမအကြိမ် ချေးငွေများပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဝင်းက အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်ဦးစီးမှူး ဦးရဲဝင့်နိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ချေးငွေများ ပေးအပ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ဇူလိုင် ၁၅ ရက်အထိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူ ၁၉၈ ဦးအား ချေးငွေကျပ် ၁၂၄၇ ဒသမ ၂၈၀ သန်းထိ ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

❖ စာမျက်နှာ ၈ မှ

ထို့ပြင် အရည်အသွေးမြင့်မားပြီး ပြည်သူအားလုံး လွှမ်းခြုံမှုပေးနိုင်သော ကျန်းမာရေးစနစ်ဖြစ်လာစေရန် သူနာပြုနှင့် သားဖွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအဖြစ်သာမက ကျန်းမာရေးမူဝါဒများ အကောင်အထည်ဖော်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ သုတေသနပြုခြင်းနှင့် ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးဆောင်ခြင်း စသည်တို့တွင် မဟာဗျူဟာမြောက် လူ့စွမ်းအားများအဖြစ် ရှုမြင်ရန်လိုအပ်လာပြီဖြစ်ပါသည်။

နိုင်ငံတော်အတွက် လိုအပ်နေသည့် သူနာပြုနှင့် သားဖွားစွမ်းအားစုများအား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက သူနာပြုတက္ကသိုလ်၊ သူနာပြုသိပ္ပံ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ရလဒ်အခြေပြု (Outcome-based Curriculum) ကို အသုံးပြု၍ Community- oriented Care၊ Patient-centered Care၊ Evidenced-based Practice၊ Nursing Research နှင့် Critical thinking စသည့် အရည်အချင်းများကို အလေးပေးသင်ကြားလျက်ရှိသည့်အပြင် Clinical Skills၊ Communication Skills၊ Professional Ethics နှင့် Leadership Skills တို့ကိုပါ အလေးထားသင်ကြားပေးလျက်ရှိပါသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးနေသော သူနာပြု/သားဖွား/နီးနွယ်သင်တန်းကျောင်းများအနက် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံ (Institute of Nursing) များအဖြစ် ၁၆-၇-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တစ်ပြိုင်နက်တည်း အဆင့်မြှင့်တင်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက သူနာပြုများ၏ လူသားဆန်မှု၊ မေတ္တာဖြင့် ပြုစုယုယမှုနှင့် သနားကြင်နာမှုတို့ကို အခြားရုပ်ဝတ္ထုပစ္စည်းများ၊ စက်ပစ္စည်းများဖြင့် အစားထိုး၍ မရနိုင်သော အနုပညာဆန်သည့် သူနာပြုစုမှုပညာရပ် (The Art of Nursing) ဖြစ်သည်ကို မမေ့ကြစေဖို့ လေးလေးနက်နက် မှာကြားခဲ့ပါသည်။

နိုင်ငံတော်၏ မူဝါဒနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ဒေသအလိုက် လိုအပ်နေသည့် သူနာပြုနှင့်သားဖွားစွမ်းအားစုများအား သူနာပြုသိပ္ပံများမှ ဖြည့်ဆည်းပေးနိုင်ရုံမျှမက အရည်အချင်းပြည့်ဝပြီး လူသားချင်းစာနာစိတ်အပြည့်ရှိသော သူနာပြု၊ သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်မည့် အရေးပါသောသူနာပြုနှင့် သားဖွားပညာရေး ဗဟိုဌာနများအဖြစ် ရပ်တည်လာနိုင်မည်ဟု ယုံကြည်မိပါသည်။

### သူနာပြုနှင့်သားဖွားစွမ်းအားစု တည်ဆောက်ရေးအတွက် လက်ရှိစိန်ခေါ်မှုများနှင့်မဟာဗျူဟာမြောက်ဆောင်ရွက်ရမည့် ဦးတည်ချက်များ

ယနေ့ခေတ်ပြိုင်ကမ္ဘာတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ရောဂါများကို ကုသပေးသည့် လုပ်ငန်းစဉ်တစ်ရပ်မျှသာ မဟုတ်တော့ဘဲ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားလုံခြုံရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် မဟာဗျူဟာမြောက်ကဏ္ဍတစ်ရပ်အဖြစ် အသိအမှတ်ပြုခံနေရပြီ ဖြစ်ပါသည်။ ယင်းအခြေအနေတွင် ကျန်းမာရေးစနစ်၏ အခြေခံမဏ္ဍိုင်ဖြစ်သော သူနာပြုနှင့်သားဖွားစွမ်းအားစုကို ခိုင်မာစွာတည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်းကို အာမခံနိုင်မည့် အရေးပါသောအချက်တစ်ရပ် ဖြစ်လာပါသည်။

သို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များလာခြင်း၊ များပြားလာသည့် သက်ကြီးလူဦးရေ၊ ရောဂါများ၏ စိန်ခေါ်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် သူနာပြုများ၏တာဝန်နှင့် မျှော်မှန်းချက်များသည် ယခင်ကထက် ပိုမိုကျယ်ပြန့်လာပါသည်။ ထို့ကြောင့် သူနာပြုနှင့်သားဖွားစွမ်းအားစုတည်ဆောက်ရာတွင် အရေအတွက် တိုးမြှင့်ခြင်းတစ်ခုတည်းကို အခြေခံ၍ မရတော့ဘဲ **"စနစ်ကျမှန်ကန်သောအရေအတွက်၊ မဖြစ်မနေရှိရမည့် အရည်အသွေးများ၊ မှန်ကန်စွာနေရာချထားခြင်းနှင့် အချိန်ကိုက်ဆောင်ရွက်နိုင်ခြင်း"** ဟူသည့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအခြေခံမူများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဆောက်အအုံ အသစ်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး နှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးသို့ရောက်ရှိပြီး ကော်မတီ ဥက္ကဋ္ဌက ပြန်လည်ပြုပြင်ရာတွင် ငလျင်ဒဏ်ခံနိုင်စေရေးအတွက် Shear Walls များ ထည့်သွင်းဆောက်ရွက်ရာတွင် နည်းစနစ် မှန်ကန်စေရေး၊ မြို့ပြ/ ရေသန့်/ လျှပ်စစ်လုပ်ငန်းများအပိုင်းလိုက်ပြီးစီးရေး၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ပရိဘောဂများ ကြိုတင်ပြင်ဆင်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းနှင့် (၂ ထပ်) ရုံးအဆောက်အအုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး အချောသတ်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောလျင်စွာ ပြီးစီးစေရေးနှင့် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေး၍ ဌာနများက အမြန်ဆုံးအသုံးပြုနိုင်စေရေး အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်မြို့၌ ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

**ပုသိမ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ် ၄ ရပ်ကွက် ကမ်းနားလမ်း Emergency Operation Center တွင် ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးဦးဆောင်၍ သန္နေအရန်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မေချို**



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန္တီးခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့မွန်းလွဲပိုင်းတွင် ခန္တီးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ခန္တီးခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ၏ ဒေသတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဆောင်ရွက်မှုတင်ပြချက်များအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ခန္တီးမြို့ရှိ မြသိန်းတန်စေတီတော် ကမ်းပါးပြိုကျပျက်စီးမှုကို လည်းကောင်း၊ အောင်သာကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် တောင်သူ ဦးငြိမ်းအောင်သူ မွေးမြူထားရှိသည့်ကြက်မဲနှင့်ဒေသကြက် မွေးမြူရေးခြံကို လည်းကောင်း၊ ဆိုလာမီးပေးစက်ရုံကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်ဖွင့်လှစ်ရောင်းချ

**သာယာဝတီ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်အား ယနေ့နံနက်ပိုင်းက မြို့မဈေးကြီး၌ ဖွင့်လှစ်ရောင်းချလျက်ရှိရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ရောင်းချရာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်လမ်းညွှန်မှုဖြင့် အပတ်စဉ်အင်္ဂါနေ့နှင့် စနေနေ့တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

**ပြန်လည်ရှင်းလင်း**

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးဒေါ်သင်းသင်းမိုးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာ သိလိုသည်များမေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**သက်လွင်စိုး(ပြန်/ဆက်)**

## ရွှေဘိုမြို့၌ စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် သရုပ်ပြသခြင်းဆောင်ရွက်

**ရွှေဘို ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် သရုပ်ပြသခြင်းကို ဇူလိုင် ၁၆ ရက်တွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနရှိ ခရိုင်ဦးစီးမှူး ရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါသင်တန်းတွင် ရွှေဘိုခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချနည်း အသုံးပြုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်

ဇလွန် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ် ဥပဒေအရာရှိ ဦးနေလင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)



## ပေါင်မြို့နယ်၌ လေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေနှင့် ပစ္စည်းများ ပေးအပ်

ပေါင် ဇူလိုင် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်၌ ဇူလိုင် ၅ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သောလေဘေးကြောင့် ဘေးသင့်ခဲ့သော ပြည်သူများအား ပေါင်မြို့နယ် မွန်ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးနိုင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ မုဒုံမြို့နယ် လင်းလက်အနာဂတ်လူမှုအခြေပြုအဖွဲ့များက ပံ့ပိုးငွေနှင့် ပစ္စည်းများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူများလက်ဝယ်အရောက် ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် အိမ်ထောင်စု ၉၂ စုရှိ ပြည်သူများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇၆၀၀၀၀ နှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းတို့ကို လေဘေးသင့်ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ် ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးသက်နိုင်ဦးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် UID ကောက်ယူမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြုလုပ်ပေးခြင်းကို အဆိုပါရုံး၌ ဆောင်ရွက်ပေးစဉ်။ ခင်ခင်မာ(ပြန်/ဆက်)

**❍ အာဆီယံမှ**

မြန်မာအသင်းသည် နည်းပြသစ် အန်ဒါဆင်လက်ထက် ပထမဆုံးပွဲတွင် အာဆီယံထိပ်သီး ဗီယက်နမ်အသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ဗီယက်နမ်အသင်းသည် အိမ်ကွင်းပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် အန်ဒါဆင်သည် ပွဲထွက်လူစာရင်းတွင် ဆန်းဆက်နိုင်(ဂိုး)၊ ဟိန်းဇေယျာလင်း၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ မြတ်ကောင်းခန့်၊ သန်းပိုင်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို ငါးမိနစ်တွင် ငုယင်ရှောင်ဆန်၊ ၃၉ မိနစ်တွင် ဖန်ကျန်မန်၊ ၅၉ မိနစ်တွင် ဒိုဟောင်ဟန်၊ မိနစ် ၉၀ တွင် ငုယင်ဒင်ဘယ်တို့က သွင်းယူခဲ့သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF

## ဖလမ်းမြို့တွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့တွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခုတင်(၂၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**အားပေးစကားပြောကြား**

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဖလမ်းခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်သည့် စုပေါင်းအင်အား ၃၅၂ ဦးဖြင့် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ဒေါက်တာနီခွဲ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ခရိုင်/မြို့နယ် ရုံးပတ်ဝန်းကျင်နှင့် ပြည်သူ့ဆေးရုံ၊ သူနာပြု သင်တန်းကျောင်းပတ်ဝန်းကျင်တို့ကို တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နံနက်စာ စားသောက်ဖွယ်ရာများ ကျွေးမွေးကာ တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

**ဆောင်ရွက်လျက်ရှိ**

ဖလမ်းမြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ၊ အဆောက်အအုံများကို ဘာသာရေးခေါင်းဆောင်များ၊ သင်းအုပ်ဆရာ သိက္ခာတော်ရ ဆရာတော်များ၊ မြို့မိမြို့ဖများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဖလမ်းခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့ကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခုတင်(၂၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံဝင်းအတွင်း လူအား၊ စက်အားများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အဆောက်အအုံ အစိတ်အပိုင်းများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဖျက်သိမ်းရမည့် အဆောက်အအုံများမှ ပြန်လည်အသုံးပြုနိုင်သော ဆယ်တင်ပစ္စည်းများဖြစ်သည့် သွပ်များ၊ သစ်သားများ၊ သံပန်း၊ သံတံခါးများ၊ တံခါးပြတင်းရွက်များ၊ ကျည်းပေါင်များ၊ ရေသန့်နှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိရန် လမ်းညွှန်မှာကြားသည်။

ဖလမ်းမြို့တွင် ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်၍ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်း ၈၄ ဦးဖြင့် ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ လူနာ ၁၅၅၄ ဦးအား ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ပေါ်ရှိ ဒေသခံများသာမက ကျေးရွာများမှ ဒေသခံပြည်သူများပါ လာရောက် ဆေးကုသမှုခံယူလျက်ရှိသည်။ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များတွင် မြို့နယ်ပြည်သူ့ဆေးရုံများ ဖွင့်လှစ်၍ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၈၅ ဦးဖြင့် လူနာ ၁၄၁၂၄ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး နိုင်ငံတော်မှ ပံ့ပိုးသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လမ်းမတော်မြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ "မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အထက-၁(လမ်းမတော်)စွမ်းအားခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီသွယ်နှင့် ဒေါ်စောစောဦးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မြတ်နိုင်က မူးယစ်ဆေးဝါးနှင့်ဆက်စပ်သောပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနီနီအေးက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူး စောသိန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## မြန်မာ့ပေါ်ဆန်းကို ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်နိုင်ရေး အသိပညာပေးဆွေးနွေး

ပုသိမ် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက မြန်မာ့ပေါ်ဆန်းကို ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်နိုင်ရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းတို့က မူပိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၊ မြန်မာ့ပေါ်ဆန်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များကို ဒေသဆိုင်ရာအညွှန်းဖြင့် အကာအကွယ်ပေးခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

**❂ MNLမှ**

သစ္စာအားမာန်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ဟိန်းလင်းဇော်၊ ၄၅+၁ မိနစ်တွင် ရာဇာအောင်ဟိန်း၊ ၆၉ မိနစ်နှင့် ၇၉ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် အား/ကာသိပ္ပံအသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဦးဆောင်နေပြီး သစ္စာအားမာန်အသင်းက ရမှတ် ၂၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ၁၈ မှတ်စီ၊ Galaxy အသင်းနှင့် Falcon အသင်းတို့က ၁၃ မှတ်စီ၊ ရတနာပုံအသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ၁၁ မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက တစ်မှတ်ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

# တန့်ယန်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ



**တန့်ယန်း ဇူလိုင် ၁၈**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် လားရှိုးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် တန့်ယန်းမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသခံ တိုင်းရင်းသားပြည်သူများအား ဇူလိုင် ၁၆ ရက်က ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသပေးနေမှုကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာဝင်းသိန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လွိုင်ကော်မြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်

**လွိုင်ကော် ဇူလိုင် ၁၈**

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် လွိုင်ကော်တက္ကသိုလ် သတ္တဗေဒဌာနတို့ ပူးပေါင်း၍ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို ဇူလိုင် ၁၂ ရက်က ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဂျိုးဇက်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာ ဆရာမများက အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းသင်တန်းကို ဇူလိုင် ၁၄ ရက်အထိ သုံးရက်တာ စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဝေါမြို့နယ်၌ အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး

**ဝေါ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က အရှေ့ဘက်ကမ်းအုပ်စု တောင်သူ ဒေါ်မာလာမင်း၏ လယ်မြေ ၁၀ ကေ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် ဆင်းသုခမျိုးကို လက်တွေ့စိုက်ပျိုး သရုပ်ပြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မလှိုင်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**မိတ္ထီလာ ဇူလိုင် ၁၈**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဟိန်းချမ်းမြေ့ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မလှိုင်မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဇေယျာအောင်နှင့် သန္နဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရေတာရှည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

**ရေတာရှည် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြို့နယ်သမဝါယမကဏ္ဍမှ အကောင်အထည်ဖော်လျက်ရှိသည့် စံပြကျေးရွာများတွင် မွေးမြူရေးလုပ်ငန်းအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ချေးငွေရယူလိုသည့် သမဝါယမအသင်းသားများအား လိုက်နာဆောင်ရွက်ရမည့် စာချုပ်ပါ စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သမဝါယမအသင်းသားများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးထုတ်ချေးငွေကျပ် ၉၅ သန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နတ်တလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ



**နတ်တလင်း ဇူလိုင် ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

**ဆွေးနွေး**

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြစိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇေယျ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအိဝေကျော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးအောင်ကိုမင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ကုန်းဇောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သာယာဝတီမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**သာယာဝတီ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဇူလိုင် ၁၆ ရက်က အထက-ခွဲ(ထန်းပင်ကုန်း)၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် သာယာဝတီခရိုင် ဥပဒေအရာရှိက ဥပဒေပညာ အသိပညာပြန့်ပွားရေးအကြောင်း၊ ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသောပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့်အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့်စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ အကြောင်းအရာများ၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး မိုးသဲအောင်(ပန်းမြေ)က လူငယ်နှင့်စာပေအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

# ပြင်သစ်နှင့် ဂျာမနီတပ်ဖွဲ့များ နျူကလီးယားစစ်ရေးလေ့ကျင့်မှု ပူးပေါင်းဆောင်ရွက်မည်



**ပါရီ ဇူလိုင် ၁၈**

ပြင်သစ်နှင့် ဂျာမနီခေါင်းဆောင်များက ယခုနှစ်နှောင်းပိုင်းတွင် ပြုလုပ်မည့် ပြင်သစ်၏ နျူကလီးယားစစ်ရေး လေ့ကျင့်မှုတွင် ဂျာမနီတပ်မတော်သားများ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် ဖရီးဒရစ်မာ့ဇ်တို့က ဂျာမနီနိုင်ငံအနောက်ပိုင်း၌ နှစ်ရက်ကြာပြုလုပ်ခဲ့သော ဆွေးနွေးပွဲများအပြီး ထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် အဆိုပါအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဂျာမနီတပ်ဖွဲ့များအနေဖြင့် ပြင်သစ်၏ နျူကလီးယားစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်ကြောင်း ပြင်သစ်သတင်းစာ Le Monde က ဖော်ပြခဲ့သည်။

ဥရောပ၏ဟန့်တားကာကွယ်နိုင်စွမ်း (European deterrence) တိုးမြှင့်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပတွင် လုံခြုံရေးဆိုင်ရာ တာဝန်ယူမှု ဝန်ထုပ်ဝန်ပိုးကို လျှော့ချတော့မည့် အရိပ်အယောင်များကို အမေရိကန်ပြည်ထောင်စုက ပြသနေချိန်တွင် ပြင်သစ်နိုင်ငံက ၎င်း၏ နျူကလီးယား ဟန့်တားကာကွယ်နိုင်စွမ်းကို အခြားဥရောပနိုင်ငံများနှင့်ပါ တိုးချဲ့ပေးနိုင်မည့် အစီအစဉ်တစ်ခုကို မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် နေတိုး၏ နျူကလီးယား ဟန့်တားကာကွယ်နိုင်စွမ်းကို အစားထိုးခြင်းမျိုးမဟုတ်ဘဲ ဖြည့်စွက်အားဖြည့်ပေးခြင်းသာ ဖြစ်ကြောင်းလည်း ကြေညာချက်တွင်အလေးပေးဖော်ပြထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဖိလစ်ပိုင်အစိုးရက နိုင်ငံသား ၃၇ သန်းကျော်အား ငွေကြေးထောက်ပံ့ပေး

**မနီလာ ဇူလိုင် ၁၈**

ဖိလစ်ပိုင်အစိုးရက လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဖိလစ်ပိုင်နိုင်ငံသား ၃၇ ဒသမ ၅ သန်းခန့် အား ငွေကြေး ထောက်ပံ့ပေးအပ်မည့်အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်လျက်ရှိကြောင်း သိရသည်။



အသက် မွေးဝမ်းကျောင်း၊ စက်မှုလုပ်ငန်း၊ စားနပ်ရိက္ခာနှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ ပေါင်းစပ်အစီအစဉ်ဟု ခေါ်သော အဆိုပါအစီအစဉ်အရ ဝင်ငွေနည်းပါးသည့် မိသားစုများနှင့် အလုပ်သမားများ အပါအဝင် အကျိုးခံစားခွင့် ရှိသူများကို ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။

သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီသည့် ပြည်သူများသည် တစ်လလျှင် ပီဆို ၂၀၀၀ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃ ခန့်အထိ ငွေကြေးအထောက်အပံ့ ရရှိမည်ဖြစ်ပြီး အလုပ်သမားအချို့မှာမူ ဇူလိုင်လမှ ဒီဇင်ဘာလအထိ လစဉ်ငွေကြေးထောက်ပံ့မှုများ ရရှိကြမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသရှိ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော လောင်စာဆီဈေးနှုန်း မြင့်တက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါ ထောက်ပံ့ရေး အစီအစဉ်ကို မတ်လတွင် စတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

ဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ နေ့စဉ်ကုန်ကျစရိတ်လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းနေကြရသည့် မိသားစုတိုင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော ဖိလစ်ပိုင်နိုင်ငံသားများအတွက် ဝန်ထုပ်ဝန်ပိုးမှာ ပိုမိုကြီးမားလာလျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ချဒ်နိုင်ငံက အာဖရိကနိုင်ငံသားများအား နိုင်ငံအတွင်းသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်ခွင့်ပြုမည်

**ယာအွန်ဒီ ဇူလိုင် ၁၈**

ချဒ်နိုင်ငံသမ္မတ မဟာမတ် အစ်ဒရစ်စ် ဒက်ဘီ အစ်နိုက ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အာဖရိကနိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်းသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

သမ္မတ မဟာမတ် အစ်ဒရစ်စ် ဒက်ဘီ အစ်နိုက မြို့တော်အန်ဂျာမီနာ၌ ကျင်းပသည့် အာဖရိက ရေအရင်းအမြစ်ဆိုင်ရာ ဖိုရမ် (African Water Forum) ဖွင့်ပွဲအခမ်းအနားတွင် အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာဖရိကဒေသ ပေါင်းစည်းရေးနှင့် ကုန်ပစ္စည်းများ၊ ပြည်သူများ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ရေးဆိုင်ရာ မူဝါဒရည်မှန်းချက်နှင့်အညီ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ချဒ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အာဖရိကနိုင်ငံသားအားလုံးအတွက် နိုင်ငံတွင်းဝင်ရောက်ခွင့် ဗီဇာလိုအပ်ချက်ကိုလည်း ဖျက်သိမ်းပေးသွားမည်ဖြစ်ကြောင်း သမ္မတ မဟာမတ် အစ်ဒရစ်စ် ဒက်ဘီ အစ်နိုက ကြေညာခဲ့သည်။

အဆိုပါလုပ်ဆောင်ချက်သည် ခရီးသွားလာမှုကို လွယ်ကူချောမွေ့စေရန်နှင့် ဒေသတွင်း ကုန်သွယ်မှုကို မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗင်နီဇွဲလားနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၅၀၆၉ ဦးရှိလာ

**ကာရာကတ်စ် ဇူလိုင် ၁၈**

ဗင်နီဇွဲလားနိုင်ငံ၌ ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သည့် ကြီးမားသောငလျင်များကြောင့် သေဆုံးသူဦးရေ ၅၀၆၉ ဦးရှိကြောင်းနှင့် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂၄ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ၌ ငလျင်နှစ်ခု လှုပ်ခတ်မှုကြောင့် ယခုအချိန်အထိ သေဆုံးသူ ၅၀၆၉ ဦးရှိကြောင်း ဗင်နီဇွဲလားအစိုးရက ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။ ပျောက်ဆုံးနေသူ အရေအတွက်ကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း ဗင်နီဇွဲလားအာဏာပိုင်များက ပြောကြားခဲ့သည်။



ငလျင်လှုပ်ခတ်ပြီး သုံးပတ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပျောက်ဆုံးနေသူများအား ရှာဖွေခြင်းနှင့် အပျက်အစီးများကို ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ငလျင်ဘေးသင့်ပြည်သူ ၁၈၀၀၀ ခန့်မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရပြီး ၎င်းတို့အနက် အများစုမှာ ပြင်းထန်သော နေရောင်ခြည်အောက်ရှိ အပူဒဏ်ကြားတွင် တဲများထိုး၍ နေထိုင်နေကြရသည်။

နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အဖွဲ့အစည်း (IOM) ၏ ဗင်နီဇွဲလားဆိုင်ရာ မစ်ရှင်အကြီးအကဲ လီရာ ပေါ့ဂျီယိုက ပြည်သူများအနေဖြင့် ၎င်းတို့၏ ဘဝများကို ပြန်လည်ထူထောင်နိုင်ရန် နိုင်ငံတကာ၏ အကူအညီများ ဆက်လက်လိုအပ်နေကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

မိသားစုများနှင့် ရပ်ရွာလူထုအနေဖြင့် ဂုဏ်သိက္ခာရှိရှိနှင့် မျှော်လင့်ချက်အပြည့်ဖြင့် ရှေ့ဆက်နိုင်ရန်အတွက် နေအိမ်အစီအစဉ်များကို ပံ့ပိုးပေးခြင်း၊ အရေးပါသော အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ထူထောင်ခြင်းနှင့် နေရပ်စွန့်ခွာရခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးအန္တရာယ်များ လျှော့ချခြင်းတို့ကို ဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ငလျင်ကြောင့် ပျက်စီးမှုအများဆုံးဖြစ်သည့် ကမ်းရိုးတန်းပြည်နယ် လာဂူရီယာ၌ လုံးဝပျက်စီးသွားသော သို့မဟုတ် ပြင်းထန်စွာပျက်စီးပြီး အသုံးမပြုနိုင်သော အဆောက်အအုံအရေအတွက်မှာ ၁၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးမားသောစက်ယန္တရားများ ပြတ်လပ်မှုနှင့် ရုံဖန်ရံခါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဟန့်အတားဖြစ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ပဲခူးမြို့၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်

ပဲခူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီးရုံး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)၌ ပြုလုပ်သည်။

ဦးစွာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများမှ တိုင်းဒေသကြီးတာဝန်ခံများကိုယ်စား မြို့နယ်တာဝန်ခံများက အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ အငြင်းပွားမှုဖြေရှင်းမှုများ၊ လိုက်နာရမည့်ကျင့်ဝတ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ၌ သင်ထောက်ကူပြုယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနက သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေး ဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ စက်ရုံသုံးရုံ၌



ဇူလိုင် ၁၆ ရက်က ကွင်းဆင်း ဆောင်ရွက်သည်။

အဆိုပါ ဆွေးနွေးပွဲကို ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၁) ရှိ Myanmar ming fang Garment Co.,Ltd. အထည်ချုပ် စက်ရုံ၊ Ve Ve Co.,Ltd. အချိုရည် စက်ရုံ၊ Top Luxury Co.,Ltd. အထည်ချုပ် စက်ရုံတို့တွင် ဆောင်ရွက်ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ရွှေပြည်သာမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းဇော် (အလုပ်သမားဥပဒေစစ်ဆေးရေး) နှင့် မရမ်းကုန်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးချိုမင်းသွင် (အလုပ်ရုံစစ်ဆေးရေး)တို့က အလုပ်သမား၏ ရပိုင်ခွင့်များ၊ အခကြေးငွေ ပေးချေရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

## မင်းလှမြို့နယ်အတွင်း သမဝါယမအသင်းများ စိုက်ပျိုးထားသောဝါစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု



မကွေး ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွှေညောင်ပင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား ဦးစိန်မြအောင် စိုက်ပျိုးထားသောဝါပင်များ အောင်မြင်ဖြစ်ထွန်းမှုနှင့် မယ်ဇာလီတော စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား ဦးဝင်းသန်း၏ ဝါစိုက်ပျိုးရန်အတွက် မြေယာထွန်ယက် ပြုပြင်ထားရှိမှုကို တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်း၊ မြို့နယ်ဦးစီးအရာရှိနှင့် အသင်းစုဥက္ကဋ္ဌတို့က ဇူလိုင် ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင်းအား သက်တန့်ရောင်စီမံကိန်းမှ အသင်းသား ၃၅ ဦးအတွက် ဝါတစ်ကေလျှင် ၂ ဒသမ ၃၆ သိန်းနှင့် ညီမျှသောသွင်းအားစုများ ပံ့ပိုးပေးထားကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## သန်လျင်မြို့နယ်၌ ပြည်သူများအား စားအုန်းဆီများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် Wilmar Myanmar Edible Oils Co.,Ltd. နှင့် Resources Group Trading Co.,Ltd. တို့မှ စားအုန်းဆီရရှိသောလက်လီ၊ လက်ကား ကိုယ်စားလှယ်များက အိမ်ထောင်စုစာရင်း၊ ဧည့်စာရင်းတို့ဖြင့် နေထိုင်သူပြည်သူများအား ဇူလိုင်လအတွက် ပထမအကြိမ် စားအုန်းဆီတစ်ပိဿာနှုန်း ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် အိမ်ထောင်စုစာရင်း၊ ဧည့်စာရင်းတို့ဖြင့် နေထိုင်သူပြည်သူများအား စားအုန်းဆီတစ်ပိဿာနှုန်း ထပ်မံဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

## အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

မန္တလေး ဇူလိုင် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ် (Tax Awareness Campaign)အရ အခွန်ဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူအောင်က အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ်၊ လုပ်ငန်းစီမံချက်၏ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ပြင်ဦးလွင်မြို့နယ်၌ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်ဥပဒေအရာရှိ ဦးဖိုလ်ဖိုလ်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြင်ဦးလွင်မြို့နယ်ဥပဒေအရာရှိ ဦးနိုင်ကိုက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေဘာသာရပ် ၁၁ ခုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား ဥပဒေဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၆ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းလှိုင်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများထံ ပေးအပ်စဉ်။

ဘာမိသာ(ပခုက္ကူ)

ကြည့်မြင်တိုင်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး အမှတ်(၄၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကြည့်မြင်တိုင်) မြို့နယ်တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြတ်ကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောကာ လက်ကမ်းစာစောင်များ ဝေငှပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



**ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်**

# မော်တော်ယာဉ်တန်ဖိုး အလိုအလျောက် စိစစ်အခွန်တွက်ချက်ပေးဆောင်မှုစနစ်နှင့် မိတ်ဆက်ခြင်း

ရှမ်းမောမြေ

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း လူတစ်ဦးတစ်ယောက်ထံမှဖြစ်စေ၊ မော်တော်ယာဉ်အရောင်းစင်တာများမှဖြစ်စေ၊ ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းဖြင့်ဖြစ်စေ မိမိဝယ်ယူခဲ့သည့် မော်တော်ယာဉ်အတွက်



မိမိအသုံးပြုခဲ့ရသည့် ငွေကြေးနှင့်ပတ်သက်၍ ဝင်ငွေရလမ်းကိုသက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ရှင်းလင်းတင်ပြပေးရမည်ဖြစ်ပြီး မိမိမည်ကဲ့သို့ ရရှိခဲ့ခြင်းဖြစ်သည်ကို ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းထားများဖြင့် အခွန်ထမ်းဆောင်နေကြရပါသည်။

ထိုသို့ အခွန်ထမ်းဆောင်နိုင်ရန်အတွက် လက်ရှိတွင် အခွန်ထမ်းပြည်သူများသည် မိမိအမည်ပြောင်းဆောင်ရွက်လိုသည့် မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် (မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်) မူရင်း/မိတ္တူ၊ မော်တော်ယာဉ် အရောင်းအဝယ်စာချုပ်အပြင် အမည်ပြောင်းဆောင်ရွက်လိုသည့် အခွန်ထမ်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/ မိတ္တူတို့ကို ယူဆောင်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်သွားရောက်ပြီး အခွန်ကိစ္စစိစစ်ရှင်းလင်းခြင်းကို ဆောင်ရွက်ကြရပါသည်။ ကျသင့်အခွန်ငွေကိုလည်း မြန်မာ့စီးပွားရေးဘဏ်သို့



လူကိုယ်တိုင်သွားရောက်၍ အခွန်ငွေပေးသွင်းဆောင်ရွက်ကြရပါသည်။

အခွန်ငွေပေးသွင်းထားသော ငွေသွင်းချလန်အထောက်အထားရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ထပ်မံ၍ ပြန်လည်သွားရောက်ကြရပြီး မော်တော်ယာဉ်များ ရောင်းချ/ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်း ပုံစံ (ပုံစံ-၁) ကို ထုတ်ယူကြရပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနမှ မော်တော်ယာဉ်များ ရောင်းချ/ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်း ပုံစံ (ပုံစံ-၁) ပါရှိမှသာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)တွင် မော်တော်ယာဉ်ကနဦးမှတ်ပုံတင်ခြင်း၊ အမည်ပြောင်းခြင်းများကို ဆက်လက်၍ ဆောင်ရွက်နိုင်ပါသည်။


ထို့ကြောင့် အခွန်ထမ်းပြည်သူများသည် မိမိဝယ်ယူခဲ့သော မော်တော်ယာဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ်များ ရောင်းချ/ ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်း ပုံစံ (ပုံစံ-၁) ရရှိ



> ❛ယနေ့မျက်မှောက်ခေတ်ကာလသည် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းလာသည်နှင့်အမျှ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အချိန်ကုန်၊ လူပန်းသက်သာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော ဝန်ဆောင်မှုများပေးနိုင်ရန် မော်တော်ယာဉ်ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် အမည်ပြောင်းလဲခြင်းများအတွက် အခွန်စိစစ်ခြင်းကိစ္စရပ်များကို လူကိုယ်တိုင် ရုံးဌာနများသို့လာရောက်ရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်မည့် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက် စိစစ် အခွန်တွက်ချက်ပေးဆောင်မှုစနစ် (Vehicle Automatic Valuation System-VAVS)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ❜

နိုင်ရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ လူကိုယ်တိုင် အနည်းဆုံးနှစ်ကြိမ်သွားရောက်ပြီး လုပ်ကိုင်ကြရသည့်အတွက် အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ လူကိုယ်တိုင်မသွားရောက်နိုင်သဖြင့် အကျိုးဆောင်များကို အပ်နှံဆောင်ရွက်ကြသဖြင့် အပိုငွေကြေးကုန်ကျမှုများကို ဖြစ်ပေါ်စေပါသည်။

ယနေ့မျက်မှောက်ခေတ် ကာလသည် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းလာသည်နှင့်အမျှ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အချိန်ကုန်၊ လူပန်းသက်သာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော ဝန်ဆောင်မှုများပေးနိုင်ရန် မော်တော်ယာဉ်ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့်




အမည်ပြောင်းလဲခြင်းများအတွက် အခွန်စိစစ်ခြင်းကိစ္စရပ်များကို လူကိုယ်တိုင် ရုံးဌာနများသို့ လာရောက်ရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်မည့် **မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ် အခွန်တွက်ချက်ပေးဆောင်မှုစနစ် (Vehicle Automatic Valuation System–VAVS)**ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

**VAVS စနစ်ဆိုသည်မှာ အဘယ်နည်း**

VAVS ဆိုသည်မှာ မော်တော်ယာဉ် ဝယ်ယူ/ရောင်းချခြင်းအပေါ် အခွန်ကိစ္စစိစစ်ခြင်းကို အွန်လိုင်းမှတစ်ဆင့် မိမိကိုယ်တိုင်တွက်ချက်စိစစ်နိုင်ပြီး ကျသင့်အခွန်ငွေကိုလည်း အီလက်ထရောနစ်နည်းလမ်းဖြင့် ချက်ချင်းပေးဆောင်နိုင်သည့် စနစ်ဖြစ်ပါသည်။ လက်ရှိတွင် ပထမအဆင့် (Phase 1) အနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) တွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များကို လူပုဂ္ဂိုလ်တစ်ဦးချင်းမှ ပြည်တွင်း၌ ဝယ်ယူရောင်းချသည့်အခါ အမည်ပြောင်း မှတ်ပုံတင်နိုင်ရန် အခွန်စိစစ်ခြင်းကိစ္စရပ်များ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

**မည်သို့အသုံးပြုရမည်နည်း**

အခွန်ထမ်းပြည်သူများအနေဖြင့် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာ သို့မဟုတ် လက်ကိုင်ဖုန်းရှိရုံဖြင့် http://vavs.ird.gov.mm ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကာ အောက်ပါနည်းလမ်း (၂) မျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်-

၁။ **တစ်ကြိမ်တစ်ခါအသုံးပြုခြင်း (One Time Use)။** အကောင့်ဖွင့်ရန်မလိုဘဲ တိုက်ရိုက်ဝင်ရောက်ဆောင်ရွက်ခြင်း၊

၂။ **မှတ်ပုံတင်၍ အသုံးပြုခြင်း (Account Register)။** မိမိ၏အချက်အလက်များဖြင့် အကောင့်ဖွင့်လှစ်ထားပြီး အသုံးပြုခြင်း။

**အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်သည့် နည်းလမ်းများ**

အခွန်စိစစ်မှုပြုလုပ်ပြီးပါက ကျသင့်ငွေကို ပြည်တွင်းအခွန်များဦးစီးဌာန၏ **IRD's Tax Payment Hub** မှတစ်ဆင့် အောက်ပါ electronic payment စနစ်များဖြင့် လွယ်ကူစွာ ပေးဆောင်နိုင်မည်ဖြစ်ပါသည်-

- MPU Debit Card (E-Commerce ဖွင့်လှစ်ထားသောကတ်များ)၊
- uab pay နှင့် uab Banking၊
- Shwe Banking (မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်)၊
- MMQR (Standard QR code စနစ်)။

**အခွန်ပေးဆောင်ပြီးပါက ဘာဆက်လုပ်ရမည်နည်း**

အွန်လိုင်းမှတစ်ဆင့် အခွန်စိစစ်ခြင်းနှင့် ငွေပေးချေခြင်းပြီးဆုံးပါက VAVS စနစ်မှ ထွက်ရှိလာမည့် e-Tax Clearance Certificate (QR Form) ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ Help Desk Group တွင် QR Code အား စစ်ဆေးမှုခံယူပြီး မှန်ကန်ကြောင်း အတည်ပြုချက်ရရှိပါက မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**ဘယ်အချိန်မှာ စတင်မှာလဲ**

ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစတင်၍ လူပုဂ္ဂိုလ်အမည်ဖြင့် မော်တော်ယာဉ်အမည်ပြောင်းလဲခြင်းဆိုင်ရာ အခွန်စိစစ်မှုအားလုံးကို VAVS စနစ်ဖြင့် ပြောင်းလဲကျင့်သုံးနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ယခင်ကဲ့သို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ (မှတ်ချက်။ ကနဦးမှတ်ပုံတင်ခြင်း (Brand New) နှင့် ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းခြင်း၊ ဝင်ငွေရလမ်းတင်ပြခြင်း စသည့်မော်တော်ယာဉ် အခွန်စိစစ်ခြင်းကိစ္စရပ်များအား ယခင်အတိုင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။)

**ရရှိမည့်အကျိုးကျေးဇူးများ**

- **အချိန်ကုန်သက်သာခြင်း။** မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တန်းစီစောင့်ဆိုင်းရမည့်အချိန်များကို လျှော့ချနိုင်ခြင်း၊
- **စရိတ်သက်သာခြင်း။** သွားလာရသည့် ကုန်ကျစရိတ်များနှင့် အပိုကုန်ကျစရိတ်များ ကင်းဝေးခြင်း၊
- **လွယ်ကူလျင်မြန်ခြင်း။** မည်သည့်နေရာတွင်မဆို အင်တာနက်ရှိရုံဖြင့် မိမိကိုယ်တိုင် ဆောင်ရွက်နိုင်ခြင်း။

အခွန်ထမ်းပြည်သူများအနေဖြင့် မိမိဝယ်ယူထားသော မော်တော်ယာဉ်များကို အမည်ပြောင်းဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းကိုအသုံးပြု၍ VAVS စနစ်အသုံးပြုပြီး အခွန်ကိစ္စ စိစစ်ခြင်းများကိုဆောင်ရွက်ကြရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက သို့မဟုတ် အသေးစိတ်သိရှိလိုသည်များရှိပါက နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲများသို့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများရှိ **e-Service Help Desk Group** များသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ပါကြောင်းနှင့် အခွန်ထမ်းပြည်သူများ အချိန်ကုန်၊ ငွေကုန်သက်သာစေရန်နှင့် မောပန်းခြင်းတို့မှ ကင်းဝေးစေနိုင်ရေးအတွက် ရေးသားဖော်ပြလိုက်ပါသည်။ ။



## လမ်းမတော်မြို့နယ်၌ သံဃနာယကနှင့် ဝိနည်းဓိုရ် ဆင့်ပွားသင်တန်း ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းဝင်း ပရိယတ္တိအလယ်တိုက်ကျောင်း၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဖွင့်လှစ်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုဝန်ဆောင်ဆရာတော်ဘဒ္ဒန္တ သုခေမိက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ကေသရထံမှ ဩဝါဒကထာခံယူကြသည်။

ထို့နောက် အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏမှ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပို့ချပြီး သင်တန်းကာလမှာ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ပုသိမ်မြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ပုသိမ် ဇူလိုင် ၁၈

၂၀၂၆ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၃၆) မှန်စက်ရုံဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့က သစ်ပင်စိုက်ပျိုးမည့် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများထံသို့ ပျိုးပင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်းရှား အစရှိသည့် ပျိုးပင်ပေါင်း ၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)


## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေနှင့် နေပြည်တော် ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကို ပြည်ထောင်စုနယ်မြေနေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက စာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၇-၂၀၂၆ ရက်နေ့မှ ၂၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

### ❖ နေရာစိပ်စိပ်မှ

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



## ပင်လုံမြို့၌ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကျင်းပ

ပင်လုံ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် မျိုးစေ့၊မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများကို မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထားသည့် တောင်သူများထံ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့၊ မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာများထောက်ပံ့ပေးအပ်ခဲ့ပြီး မိုးစပါးပန်းတိုင်စံပြစိုက်ခင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းတို့အား ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပုဇွန်တောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့တွင် အမှတ်(၁)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းမြင့် ဦးဆောင်သည့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ UID ထုတ်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်



## ပေါင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဆင်း

ပေါင် ဇူလိုင် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၆ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရူခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ပေါင်မြို့နယ် ဥပဒေအရာရှိဦးမျိုးထက်ကျော်က သင်တန်းဆင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ထူးချွန်သင်တန်းသားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွန်ပြည်နယ်ဥပဒေချုပ်က သင်တန်းတွင် အောင်မြင်စွာ တက်ရောက်ခဲ့ကြသည့် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/1403၊ အမျိုးအမည် Jialing JL 90၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းဌေး မှတ်ပုံတင် အမှတ် [၅/မရန(နိုင်)၀၂၇၁၆၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4258၊ အမျိုးအမည် Daihatsu Hijet S210P၊ အမျိုးအစား P/U(4x4)R၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဘဒ္ဒန္တပညာနန္ဒာဘိဝံသ မှတ်ပုံတင် အမှတ် [၉/မနမ(သ)၀၀၀၀၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ဗိုလ်မှူးသန်းအောင် [၁၂/ ရကန(နိုင်) ၀၀၆၁၈၅] အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂(ဘီ)၊ ခရေလမ်းသွယ်၊ ပုလဲ(၃)ရပ်ကွက်၊ မြေကွက်အမှတ်(၅၅၇)၊ အကျယ်အဝန်း(၆၀ပေx၆၀ပေ)၊ ဧရိယာ(၃၆၀၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လူကြီးမင်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ မြေနှင့်အိမ်ကို တရားဝင် အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်-၁၆ (ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၃**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၀)လမ်း၊ မြေကွက်အမှတ်-၂၇၁၊ စတုတ္ထထပ် (၅-လွှာ)၊ (ခြေရင်းခြမ်း)၊ (အလျား ၁၂ပေ x အနံ ၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များအရ ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဒေါ်မြအေးပွင့် [၁၂/အစန(နိုင်)၀၂၀၄၇၁] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မီနွေးနွေးတင့် [၇/ရတန(နိုင်)၁၂၈၀၃၆]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိုက်ခန်း၏ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၀၈)**
**အမှတ်-၁၀/၁၂(ပထမထပ်) (ဘီ-၂)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၄၉၁၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၉၄၈/က၊ သရဖူ (၁)လမ်း၊ အမှတ်-၉၄၈/က ဟုခေါ်တွင်သော အကျယ် (၂၃ x ၆၄ )ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကမ(နိုင်)၀၆၂၀၈၃] ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဝင်း [၁၂/ဥကတ(နိုင်)၀၅၂၈၁၈] မှ မိမိတစ်ဦးတည်း လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စမ်းစမ်းဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၅/၂၀၀၄)**
**တိုက် (၅၀)၊ အခန်း (A-20)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၈၄၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၃x၁၄ကြား၊ ၈၀x၈၁ လမ်းကြားရှိ မောင်မယ်၊ မလှမြို့အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၆၈/၁၉၉၈)ဖြင့် ဦးသိန်းအောင်၊ ဒေါ်စန်းတို့က ပိုင်ဆိုင်ခဲ့ပြီး၊ ခင်ပွန်း ဦးသိန်းအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၄၁၆၄/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့်ဇနီး ဒေါ်စန်း [၉/မနမ(နိုင်)၀၈၀၉၈၂]က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဦးစိုးနိုင်+ဒေါ်ခင်ဌေးတို့၏ သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အ.ထ.က (၇)၊ Grade- 6 မှ မောင်ဇော်ဝေလျှံထွန်း၏ အမည်မှန်မှာ မောင်ဇော်ဝေယံထွဋ်ဖြစ်ပါကြောင်း။

**မောင်ဇော်ဝေယံထွဋ်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြမြို့၊ အ.လ.က(၄)၊ ကျောင်းဝင်အမှတ် (၀၁၁၇)၊ Grade-6 မှ မအေးသွန်းကေဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦး [၁၄/မမန(နိုင်)၁၈၈၆၂၉] ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်ဦး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့ နယ်၊ (ဋ)ရပ်ကွက်၊ ခေမာသီလမ်း၊ မြေကွက်အမှတ်(၁၀/ခ)ဟု မှတ်သားတည်ရှိသော အလျား(၄၀ပေ)xအနံ (၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်ရှိ မြေနှင့်နေအိမ်အား မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ကြပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုကြသော ဦးကံမြင့် [၁၂/ဥကမ(နိုင်)၁၃၉၃၀၉] နှင့် ဒေါ်ဖြူစင်မွန်ဝင်း [၁၂/ဥကမ(နိုင်) ၂၀၉၀၆၈] တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းဝယ်ပြီးဆုံးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**Ph.09-783667522, 09-421065415**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့်အမည်- ၃၇၇၊ ညောင်စောက်၊ ဦးပိုင်အမှတ်- ၃၂/၁ ၊ ၃၃/၁ ဟုခေါ်တွင်သည့် အကျယ်အဝန်းဧရိယာ (၂.၈၉)ဧကရှိ နှစ်(၃၀) စက်မှု/စီးပွား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆန်စက်လုပ်ငန်း အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်လင်းမောင် [၁၃/ကမန(နိုင်)၀၈၃၁၅၅] ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း (၁၄)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ချယ်ရီမြိုင်လမ်း၊ မြေကွက်အမှတ် (၇၈၆)၊ အကျယ်အဝန်း (၄၀' x ၆၀')ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ် အဝန်း (၁၈'x ၆၀') ရှိ (ပါမစ်မိတ္တူခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပြုံးသင်း [၉/မခန(နိုင်)၀၁၂၅၈၁] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းမြင့် [၈/မကန(နိုင်)၀၄၉၂၃၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ငါးဆူတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉-ဝေ့ကြီးဒိုက်)၊ ဦးပိုင်အမှတ် (၁/၆/၉)၊ မြေကွက်အမှတ်(၁/၆/၉)၏ မြေအကျယ်အဝန်း(၈၀x ၁၀၀)ပေရှိ ဦးတင်ဖေ(EG-၀၆၃၉၇၂)အမည်ပေါက် ရွာမြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အိအိလှိုင် [၉/မနတ(နိုင်)၀၉၆၈၁၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်- ၄၁၆ (က) မြေပါမစ်အမည်ပေါက် ဒေါ်တင်ကြည် [၁၂/လကန(နိုင်)၁၆၇၉၂၄]၊ မြေကွက်အမှတ်-၄၁၆(ခ) မြေပါမစ်အမည်ပေါက် ဒေါ်တင်တင်ဝင်း (HGU –002823)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)စီရှိ မြေကွက်လိပ်စာအမှတ်-၄၁၆(က)+၄၁၆(ခ)၊ ဇောတိကလမ်း၊ အမှတ်(၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးမောင်မောင်အေး[၁၂/လသန(နိုင်) ၀၂၀၃၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၄၅)** |

**အမှတ်(၃၆၅)ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ ၊ Lot – 293 A (Lotus Place Villa – 33 ၊ အမှတ် - ၁၉၃/၃၈ ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦးအကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂ ၊ မြေကွက်အမှတ်-၁၉၃/၃၈ ၊ ဧရိယာ(၀.၀၉၂) ဧက၊ မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် GROUP SYNERGETIC FORCE COMPANY LIMITED ၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- 965 (2000 - 2001)အမည်ပေါက်လျှက်ရှိပြီး ကုမ္ပဏီ၏ (၁၄-၇-၂၀၂၆)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာဖြစ်သူ ဒေါ်လှဲလှဲဝင်း(၁၂/မရက(နိုင်) ၀၈၁၂၁၉)မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဦး (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၈၇၅)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉- ၈၈၆၆၉၅၉၆၆

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉ - ရပ်ကွက်၊ ခရေပင်လမ်း၊ Magical World Condo Tower A ၊တိုက်အမှတ် ၂၉ ၊ ( ၁၂ ) ထပ်တိုက်၏( Level - 9 )၊ Unit – 26 ၊ အခန်းအမှတ် - (926) ၊ဧရိယာ(405.26) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုတိုက်ခန်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်နှင်းလှဲအောင်(၁၂/လသန (ဧည့်) ၀၀၁၅၁၆)မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီ ထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဟန်လင်းအောင်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၂၁၂၈၂၁၅

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ်(၁)၊ ရွှေဘိုလမ်း၊ မြေကွက်အမှတ် (၃၉၈/ခ)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၂၀ပေx၆၀ပေ)ရှိ ဦးလှရွှေ(TKA–၀၂၃၆၇၂) အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ (ခြေရင်းအခြမ်း) မြေကွက်အမှတ် (၃၉၉/က)နှင့်ကပ်လျက်ဘက်အခြမ်းဖြစ်သော မြေအကျယ်အဝန်း (အလျားxအနံ) (၁၀ပေx၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်သွပ်မိုး ပျဉ်ကာနေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင် အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော (၁) ဦးစံသိန်းမောင် [၁၂/ရကန(နိုင်)၀၆၁၉၅၉] (၂) ဒေါ်မိုးအေးဖြူ [၁၂/လသယ(နိုင်)၀၄၂၇၉၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းခိုင် [၈/မသန(နိုင်)၀၅၉၉၄၈] က (၁၅-၇-၂၀၂၆) ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအားလုံး အပြည့်အဝပေးချေ၍ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းခိုင်တစ်ဦးတည်းသာလျှင် အဆိုပါ မြေနှင့်အိမ်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နီလာဦး LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)**
**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၃၄-ခ)၊ ၃၄x၃၅ကြား၊ ၇၆x၇၇ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်လှလှဝင်း [၉/မရတ(နိုင်)၀၆၃၇၃၃]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၄)၊ ဦးပိုင်အမှတ်(၂၃-က၊ခဲစင်း)၊ ၁၉လမ်း၊ ၈၉x၉၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစိုးဟန် [၉/မနမ(နိုင်) ၀၂၂၈၅၀]၊ ဦးလှမြင့် [၉/မရမ(နိုင်) ၀၅၄၀၃၀]၊ ဦးအောင်စိုး [၁၃/နမတ(နိုင်)၀၁၄၅၈၄]၊ ဒေါ်ခင်နွဲ့ [၉/မနမ(နိုင်) ၀၃၅၂၀၈]တို့က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၀)၊ ဦးပိုင်အမှတ်(၃-က)၊ ၂၇x၂၈ကြား၊ ၇၆x၇၇ လမ်းကြားရှိ ဦးထွန်းအိ၊ ဒေါ်အုန်းရှိန် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၀၅၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်မြဆွေ [၁၂/ကတန(နိုင်)၀၄၈၇၇၃]၊ ဒေါ်မြငွေ [၉/မရမ(နိုင်)၀၅၂၇၆၉]၊ ဒေါ်စန်းစန်းအေး [၉/မရမ(နိုင်)၀၅၂၇၇၀]၊ ဒေါ်ဌေးဌေး(ခ)လွင်လွင်ဌေး[၉/မရမ(နိုင်)၀၅၂၇၇၁]၊ ဒေါ်မြမြသန်း(ခ)မာလာ[၉/မရမ(နိုင်)၀၅၂၇၇၂]၊ဦးသန်းထိုက်[၉/ မရမ(နိုင်)၀၀၀၈၈၄]၊ ဦးဝဏ္ဏထွန်း[၉/ ခအဇ(နိုင်)၀၁၃၁၂၁]တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ Star City Estate Estella Townhouse၊ လမ်းအမည်- (Lane-6)၊အမှတ်-ETH-435၊(၁၂၁၀)စတုရန်းပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သွယ်သွယ်ခိုင် [၁၃/ကမန(နိုင်) ဝ၆၃၇၁ဝ]၊ ဒေါ်ခင်ဝင်းရီ [၁၃/ကမန(နိုင်) ဝ၆၃၇ဝ၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး [၁၂/တမန(နိုင်) ၁ဝ၃ဝ၇၃]၊ ဒေါ်အေးအေးသန့်[၁၂/တမန(နိုင်) ၀၉၆၁၅၂]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB)** **ဒေါ်ယုဇနီကို(LL.B,DBL,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ်(၂၈ဝ/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဝ၉-၉၇၇၁၂၈၁၃၈၊ ဝ၉-၄၂ဝဝ၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၅၄၂)၊ ပန်းဝါလမ်းကျောကပ်လမ်း၊ အကျယ်အဝန်း (၄၀)ပေx(၆၀)ပေရှိ ဦးမောင်မောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်စိုးလဲ့လဲ့ဦး [၁၂/အလန(နိုင်)၀၂၄၂၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နုနုဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၅၃)**
**အမှတ်(၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ်(၆ဝ၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉-၇၉၉၉၃၄၄၃၅**

## အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်တင်အေးလှိုင် [၁၂/သဃက (နိုင်) ၁၇၂၆၈၆]နှင့် ဦးနေရဲထွဋ် [၁၂/ဒဂန(နိုင်) ၀၃၀၇၇၃]တို့သည် ( ၄-၄-၂၀၁၁ ) မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယခုအခါတွင် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၁၈-၁၂-၂၀၂၅)ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံး၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ရပိုင်ခွင့်ပစ္စည်းတစ်စုံတစ်ရာ ကျန်ခဲ့ခြင်းမရှိကြောင်းနှင့် ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်အေးလှိုင်**
**[၁၂/သဃက (နိုင်) ၁၇၂၆၈၆]**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြသဇင်လမ်း၊ မြေကွက်အမှတ် (၅၄၅)ဟုခေါ်တွင်သော ဒေါ်ခင်မြ အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ(၄၀ x ၆၀)အနက်မှ (ခေါင်းရင်းခြမ်း) မြေအကျယ်အဝန်း(၂၀ x ၆၀)ပေရှိ (ပါမစ်မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုင်ငယ်(ခ)ဒေါ်မိမိလေး[၁၂/တမန(နိုင်)၀၃၈၄၂၀]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းနိုင်စိုး [၁၄/ဒဒရ(နိုင်)၁၃၀၁၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-** **ညွှန်ကြားချက်အရ -**
**ဦးမင်းနိုင်စိုး** **ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၂၈)**
**အမှတ် (၄၅၁)၊ ငုဝါလမ်း၊ (၇၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ဝ၉-၄၂ဝ၁၂၉၉၇၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြဝတ်ရည်လမ်း၊ မြေကွက်အမှတ်(၇၈၃)ဟုခေါ်တွင်သော ဦးမြဦး အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် ပေ(၄ဝx၆ဝ) အနက်မှ (ခေါင်းရင်းခြမ်း) မြေအကျယ်အဝန်း (၁ဝ x ၆ဝ)ပေရှိ (ပါမစ် မိတ္တူခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထက်တေဇာလင်း[၁၂/ဒဂရ(နိုင်)၀၂၁၃၇၂]မှ အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ဝါစိုး[၁၄/ဒဒရ(နိုင်)၁၄၇၇၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-** **ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝါစိုး** **ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၂၈)**
**အမှတ် (၄၅၁)၊ ငုဝါလမ်း၊ (၇၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ဝ၉-၄၂ဝ၁၂၉၉၇၈**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ (Lotus Garden)၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၊ မြေကွက်အမှတ်-၁၉၃/၄၆၊ ဧရိယာ (၀.၀၉၂)ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Garden၊ Lotus Place- 28 ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန္ဒာထွန်း [၁၄/ပသန(နိုင်)၁၈၄၇၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ဆုလွင်မောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၆၄)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ဝ၉-၅ဝဝ၉၈၉၃**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ ကျွန်းတောလမ်း (နာနတ်တောလမ်းနှင့် ဟံသာဝတီလမ်းကြား)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇-ဂျီ၊ ၃၇-အက်ဖ်နှင့် ၈၂)၊ မြေကွက်အမှတ် (၁) အစိတ်အပိုင်းတွင်တည်ရှိသည့် TIME CITY အိမ်ရာစီမံကိန်း၊ စုပေါင်းပိုင်အဆောက်အဦမှ တိုက်အမှတ်-(6-CONDO)၊ Level (8)၊ တိုက်ခန်းအမှတ် (806)၊ အကျယ်အဝန်း (၁၆၄၁) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့်တကွ ယင်းတိုက်ခန်း နှင့် ဆက်စပ်လျက်ရှိသော တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိမိလွင် [၁၃/ကလန(ဧည့်) ၀၀၀၄၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ဆုလွင်မောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၆၄)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ဝ၉-၅ဝဝ၉၈၉၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၆)၊ ဒဂုံရွှေမြားလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ မြေကွက်အမှတ် (၆၄/၆၅)၊ မြေအကျယ် (၆၀ပေx ၅၀ပေ)ရှိ မြေနှင့် အဆောက်အဦအား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငြိမ်းငြိမ်းပြုံး [၁၂/လမန(နိုင်)၁၁၅၀၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤခြံမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများ ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ် ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အိမ်အမှတ်(၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ရုံးလိပ်စာ - ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်တရားရုံး။**
**ဖုန်း-ဝ၉-၅၁၈၇၂၈ဝ**

## အများသိစေရန်ကြေညာချက်

တာမွေမြို့နယ်၊ မအူကုန်းလမ်းနှင့် ၁၃၃-လမ်းထောင့်၊ အမှတ်(၂၉/၃၁/၃၃/၃၆) အနှုရာယ်ရှိအဆောက်အအုံ၏ မြေညီထပ်အခန်းအမှတ်(၅+၆) မူလနေထိုင်သူ ဦးရွှေမောင်ကြီးအမည်ဖြင့် မှတ်သားထားသည့်အခန်းကို ဝယ်ယူထားသူ ဦးသိန်းထွဋ်အမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၃၉)၏ ၆ လွှာ(ခေါင်းရင်းခန်း) (အလျား ၁၂ ၃/၄' x အနံ ၅၀')** ရှိ ရေ၊ မီးအစုံအလင်ဖြင့် တိုက်ခန်း (၁)ခန်းကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော **ဦးရွှေလင်း [၂/လကန(နိုင်)၀၄၆၀၃၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ (စဉ်- ၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-ဘီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-765188412**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက် အမှတ်-၇၅၅/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည် နေရာအမှတ် (၇၅၅/ခ)၊ မြို့ပတ်လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်သောင်း [၁၂/သကတ(နိုင်) ၀၉၆၉၁၀]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သောင်း(မိခင်)နှင့် ဦးဘာဘူ(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဇော်ဝင်း [၁၂/သကတ(နိုင်) ၀၂၈၄၄၆]၊ ဦးထွန်းထွန်း [၁၂/သကတ (နိုင်) ၀၉၂၄၁၇]၊ ဒေါ်တင်တင်ဝင်း [၁၂/သကတ (နိုင်) ၀၈၃၃၂၃]၊ ဒေါ်စန်းစန်းဝင်း [၁၂/သကတ (နိုင်) ၁၄၀၄၅၈]တို့မှ မိမိတို့ကသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဘာဘူ(ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃/၈)၊ ဦးပိုင်အမှတ် (၁၆၅)၊ စစ်-မန်းကားလမ်းနှင့် ရွှေတချောင်းမြောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းမြင့် [၉/အမရ (နိုင်) ၀၀၇၀၀၆]က အမှုတွဲအမှတ် (၀၉၇၆/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန် (ရွာတောလေး)ရပ်ကွက်၊ အကွက်အမှတ် (၅၈၈-ဂ/၄)၊ ဦးပိုင်အမှတ် (၇၇)၊ ထုံးဘို-မြစ်ငယ်ကားလမ်း မြောက်ဘက်နှင့် စွယ်တော်ဘုရား တောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးညွန့်ဝေ [၉/တတဥ (နိုင်) ၀၃၄၇၂၆]က အမှုတွဲအမှတ် (၀၉၇၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာနေ ဦးခင်မောင်အေး [၁၄/ဒဒရ(နိုင်)၁၂၁၁၃၃]၊ ဒေါ်မိုးလွင် [၁၂/ကခက(နိုင်) ၁၀၇၈၀၈]တို့၏သား မောင်သိန်းဇော် [၁၄/ဒဒရ(နိုင်)၁၇၇၇၁၇၂]သည် မိဘ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ခွင့်မလွှတ်နိုင်သည့်ပြုလုပ်မှုများ ပြုလုပ်လာသဖြင့် သားအဖြစ်မှစွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးကိစ္စ၊ အခြားမည်သည့်ကိစ္စမျှ တာဝန်ယူ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းဝင်း B.A (Law), LL.B** **ဒေါ်ရွှေရည်တင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၉၈၆) အထက်တန်းရှေ့နေ (စဉ်-၅၅၆၇၀)**
**တိုက်(၁-အေ)၊ အခန်း(၁၀၄)၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ဝ၉-၅ဝ၅၉၉၈၂၊ ဝ၉-၇၈၈၃ဝ၅၅၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ မြေကွက်အမှတ်- ၇၉၈၊ မြေကွက်တည်နေရာအမှတ်- ၇၉၈၊ ဇေယျာဒီပ- ၁ လမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိန်လင်း(CA-011937)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မြေအား မြေအမည်ပေါက် ဦးစိန်လင်း(ဖခင်)နှင့် ဒေါ်ဝင်းကြည်(မိခင်)တို့ အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ သားသမီးများအဖြစ် ဒေါ်အေးမြလင်း၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နီနီလင်း၊ ဦးသန့်စင်လင်း၊ ဒေါ်သီဂီဝင်း၊ ဒေါ်ဝင်းစန္ဒာ၊ ဦးစိုးနိုင်ဝင်းတို့(၇)ဦးအား မွေးဖွားခဲ့ကြောင်း၊ သားသမီး(၇)ဦးအနက် သမီး(၁)ဦးဖြစ်သူ ဒေါ်ဝင်းစန္ဒာသည် (၁၁-၄-၁၉၉၆) ရက်နေ့တွင် အိမ်ထောင်မရှိအပျိုကြီး ဘဝဖြင့် အမွေစားအမွေခံကိုတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်အေးမြလင်း [၁၂/ဥကတ(နိုင်)၀၅၁၆၃၂]၊ ဒေါ်ဖြူဖြူဝင်း [၁၂/ဒဂမ(နိုင်)၀၀၃၅၁၇]၊ ဒေါ်နီနီလင်း[၁၂/ဒဂမ(နိုင်)၀၀၄၆၄၉]၊ ဦးသန့်စင်လင်း [၁၂/ ဒဂမ (နိုင်)၀၀၄၆၅၀]၊ ဒေါ်သီဂီဝင်း [၁၂/ဒဂမ(နိုင်)၀၀၄၆၅၁]တို့နှင့်ထပ်မံ၍ သားတစ်ဦးဖြစ်သူ ဦးစိုးနိုင်ဝင်းသည် (၅-၆-၂၀၂၃)ရက် နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်(ဇနီး) ဒေါ်နွယ်နီရှိန် [၁၂/ရကန(နိုင်)၀၀၂၄၃၁]နှင့်ပူးတွဲ၍ သားသမီးနှင့်ချွေးမတို့တော်စပ်ကြောင်းနှင့် ၎င်းတို့ (၆)ဦးသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ၎င်းတို့(၆)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇာသွယ် [၁၂/ဥကတ(နိုင်)၁၇၉၃၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇာသွယ်နှင့် ဦးအာကာထက်လင်းတို့သည် သက်ဆိုင်ရာတရားရုံးတော်၏ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁၀/၂၆) လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ရုံးတော်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် တရားလို ဒေါ်ခိုင်ဇာသွယ်အား တရားပြိုင် ဦးအာကာထက်လင်းနှင့် လင်မယားကွာရှင်းပြတ်စဲခွင့် "အနိုင်ဒီကရီ"ကို တရားဝင် အပြီးသတ်ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၆-၆-၂၀၂၆ ရက်နေ့မှစ၍ ဦးအာကာထက်လင်းနှင့် လင်မယားအဖြစ်မှ ပြတ်စဲပြီးဖြစ်ပါသဖြင့် အဆိုပါနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့၌ မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇာသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်ပပစိုး (LL.B)**
**အထက်တန်းရှေ့နေ ( စဉ်- ၅၃၄၆၀ )**
**တိုက် (၁၇)၊ အခန်း (၁)၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဝ၉-၉၇၁၅၁၁၄၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၁

အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း နှင့် ဦးအောင်ကျော်ဦး
ရောင်းဝယ်ရေးလီမိတက်
(၎င်း၏ကိုယ်စား မန်နေဂျာ- ဦးမြင့်ဟိန်းကျော်)

**တရားလို** **တရားပြိုင်**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းရေတွင်းလမ်း၊ ပထမထပ်၊ တိုက်(၁၉) နေ ဦးအောင်ကျော်ဦး (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလို **အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်က "ပေးသွင်းရန်ကျန်သော ဆန်ကွဲဖိုးကြွေးတင်ငွေနှင့် ဆန်ဖိုးကြွေးတင်ငွေကျပ်- ၃၆၃,၃၀၃,၀၀၀/- (သုံးထောင့်ခြောက်ရာ သုံးဆယ့်သုံးသိန်းသုံးထောင်ကျပ်)တိတိနှင့် နစ်နာကြေးငွေ ကျပ်သိန်း(၃၀၀)တိတိ စုစုပေါင်း ငွေကျပ်- ၃၉၃,၃၀၃,၀၀၀/- (သုံးထောင့်ကိုးရာ သုံးဆယ့်သုံးသိန်းသုံးထောင်ကျပ်တိတိ)"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၆ ရက်နေ့)** မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာ

ညင်ချီ ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ) လင်ကျစ်မြို့ရှိ ရှီးဇန့် အရှေ့တောင်ဒေသယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက် (Southeast Tibet Museum) သို့ ရောက်ရှိကြပြီး ပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြတိုက်၏ နောက်ခံသမိုင်းကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ လူမျိုးစုအလိုက် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေထည်ပစ္စည်းများ၊ လူမျိုးစုများ၏ လူနေမှုဘဝနှင့် ဓလေ့ထုံးတမ်းများ၊ အားကစားနည်းများ၊ သမိုင်းဖြစ်စဉ်များကို အများပြည်သူလေ့လာနိုင်ရေး ပြသထားသည့်ပြခန်းများအား လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့★



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာ


သူနာပြုနှင့်သားဖွားစွမ်းအားစု - အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရင်းနှီးမြှုပ်နှံမှု
ဆောင်းပါး
စာမျက်နှာ » ၈


ဖိလစ်ပိုင်အစိုးရက နိုင်ငံသား ၃၇ သန်းကျော်အား ငွေကြေးထောက်ပံ့ပေး
နိုင်ငံတကာ
စာမျက်နှာ » ၁၃

ကြက်ဥဈေးနှုန်း ဆက်လက်မြင့်တက်ခြင်းမရှိစေရေး ညှိနှိုင်းဆောင်ရွက်သွားမည်
စာမျက်နှာ » ၁၅


## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇ -၇-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၇-၂၀၂၄ ရက်နေ့မှ ၂၂-၇-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## အာဆီယံဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲတွင် မြန်မာအသင်း ဗီယက်နမ်ကိုရှုံးနိမ့်

ရန်ကုန် ဇူလိုင် ၁၈

၂၀၂၄ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၁၈ ရက်က ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက လေးဂိုးပြတ် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့တွင် သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ



သစ္စာအားမာန်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် ဇူလိုင် ၁၈

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့ကို ဇူလိုင် ၁၈ ရက်က YUSC ကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက Chinland အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

သစ္စာအားမာန်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူကာ ဂိုးပြတ်နိုင်ပွဲဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❂

## ကချင်ပြည်နယ်တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ကချင်ပြည်နယ်တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ